မြန်မာနိုင်ငံသားများဘဏ်

MCB

Myanmar Citizens Bank

# ANNUAL REPORT 2017-2018

မြန်မာနိုင်ငံသားများဘဏ်လီမိတက်
၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်
(၂၆) ကြိမ်မြောက် အထွေထွေအစည်းအဝေးကြီးသို့တင်သွင်းသည့်
ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

# မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၂ |
| ၂။ | ဘဏ်ခွဲများဖွင့်လှစ်ခြင်း | ၄ |
| ၃။ | ဒါရိုက်တာအဖွဲ့ | ၅ |
| ၄။ | ကော်မတီများ | ၆ |
| ၅။ | မတည်ရင်းနှီးငွေအခြေအနေ | ၈ |
| ၆။ | အမြတ်ငွေနှင့် အမြတ်ခွဲဝေမှု | ၉ |
| ၇။ | ဆောင်ရွက်လျက်ရှိသောလုပ်ငန်းကဏ္ဍများအလိုက်ဝင်ငွေရရှိမှု | ၁၁ |
| ၈။ | နိုင်ငံတကာဘဏ်လုပ်ငန်းဝန်ဆောင်မှုများ | ၁၃ |
| ၉။ | ချေးငွေ၊ အငှားဝယ်ယူခြင်းနှင့် SME ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ | ၁၈ |
| ၁၀။ | Card Acquiring နှင့် Issuingလုပ်ငန်း (Visa Card, Master, MPU) | ၁၆ |
| ၁၁။ | E-payment ဝန်ဆောင်မှုလုပ်ငန်း | ၁၇ |
| ၁၂။ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်း | ၂၀ |
| ၁၃။ | Yangon Stock Exchange တွင် Share ရောင်းဝယ်မှုအခြေအနေ | ၂၀ |
| ၁၄။ | ငွေကြေးခိုင်မာမှုအခြေအနေ | ၂၁ |
| ၁၅။ | အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု | ၂၂ |
| ၁၆။ | လက်ရှိရှယ်ယာပိုင်ဆိုင်မှု အခြေအနေ | ၂၃ |
| ၁၇။ | မတည်ရင်းနှီးငွေ လုံလောက်မှုအချိုး | ၂၃ |
| ၁၈။ | အကျိုးအမြတ်ခွဲဝေလျာထားခြင်း | ၂၄ |
| ၁၉။ | ဘဏ်စာရင်းစစ်ဆေးခြင်းနှင့်လုပ်ငန်းများစစ်ဆေးခြင်း | ၂၄ |
| ၂၀။ | ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဖြစ်ပေါ်မှုများ | ၂၅ |
| ၂၁။ | ရှေ့လုပ်ငန်းစဉ်များ | ၂၆ |
| ၂၂။ | နိဂုံး | ၂၇ |

## နိဒါန်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်အား မြန်မာနိုင်ငံအထူးကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီ များ မှတ်ပုံတင်ရုံး၏ ၃၀-၁၀-၉၁ ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၂၇၄/၁၉၉၁-၉၂)ဖြင့်မှတ်ပုံ တင်၍ အများပိုင် ကုမ္ပဏီလီမိတက်အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၂၅-၅-၁၉၉၂ ရက်စွဲပါ လုပ်ငန်းလိုင်စင်အမှတ် မဗလ/ဂျေ(အိုင်)-၁ (၅) ၁၉၉၂ ဖြင့် ခွင့်ပြုချက်အရ ၂-၆-၁၉၉၂ ရက်နေ့ မှစ၍ အမှတ်(၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဘဏ်ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။

---


၂။ ၂၀၁၇ ခုနှစ်၊ ဇွန်လ(၂)ရက်နေ့တွင် ဘဏ်လုပ်ငန်းသက်တမ်း(၂၅) နှစ်ပြည့်သည့် ငွေရတုသဘင် အခမ်းအနားကို အောင်မြင်စွာ ကျင်းပဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

---

၃။ ဘဏ်စတင်တည်ထောင်စဉ်က အစုရှယ်ယာများကို ဖက်စပ်ကော်ပိုရေးရှင်းများနှင့်အများပြည်သူ ကပိုင်ဆိုင်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် ဖက်စပ်ကော်ပိုရေးရှင်းများကိုဖျက်သိမ်းခဲ့ရာ ဖက်စပ်ကော်ပိုရေးရှင်းများ၏ အစုရှယ်ယာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းသက်သာအဖွဲ့အစည်းများမှ ဝယ်ယူခဲ့ပါသည်။

---

# မြန်မာနိုင်ငံ၏တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ MCB ဘဏ်ခွဲများ



၄။ ဘဏ်သက်တမ်း (၂၆) နှစ်ကာလအတွင်း ရန်ကုန်မြို့နှင့် တိုင်းနှင့်ပြည်နယ် အသီးသီးတွင် အောက်ပါအတိုင်း ဘဏ်ခွဲနှင့်ဘဏ်ခွဲငယ် စုစုပေါင်း (၃၃)ဘဏ်အား ဖွင့်လှစ်နိုင်ခဲ့ပါသည်။

| ဘဏ်/ဘဏ်ခွဲအမည် | ဖွင့်လှစ်သည့်နေ့ |
|---|---|
| (၁) ကျောက်တံတားဘဏ်ခွဲ | ၀၂-၀၆-၁၉၉၂ |
| (၂) မန္တလေးဘဏ်ခွဲ (၁) | ၀၆-၀၆-၁၉၉၆ |
| (၃) ဘုရင့်နောင်ဘဏ်ခွဲ | ၁၂-၀၅-၂၀၁၁ |
| (၄) နေပြည်တော်ဘဏ်ခွဲ | ၂၂-၀၆-၂၀၁၁ |
| (၅) မြင်းခြံဘဏ်ခွဲ | ၁၂-၀၈-၂၀၁၁ |
| (၆) မုံရွာဘဏ်ခွဲ | ၁၅-၀၈-၂၀၁၁ |
| (၇) မူဆယ်ဘဏ်ခွဲ | ၁၇-၁၀-၂၀၁၁ |
| (၈) ရေစကြိုဘဏ်ခွဲ | ၁၄-၁၂-၂၀၁၂ |
| (၉) တန့်ဆည်ဘဏ်ခွဲ | ၂၆-၀၄-၂၀၁၃ |
| (၁၀) မန္တလေးဘဏ်ခွဲ (၂) | ၁၂-၀၇-၂၀၁၃ |
| (၁၁) မုံရွာဘဏ်ခွဲငယ် | ၂၃-၀၈-၂၀၁၃ |
| (၁၂) ဒေါပုံဘဏ်ခွဲငယ် | ၂၀-၁၂-၂၀၁၃ |
| (၁၃) လားရှိုးဘဏ်ခွဲ | ၀၁-၀၃-၂၀၁၄ |
| (၁၄) အောင်လံဘဏ်ခွဲ | ၂၀-၀၆-၂၀၁၄ |
| (၁၅) ဘုရင့်နောင်ဘဏ်ခွဲငယ် | ၂၅-၁၀-၂၀၁၄ |
| (၁၆) ပန်းဘဲတန်းဘဏ်ခွဲငယ် | ၁၇-၁၂-၂၀၁၄ |
| (၁၇) ပုဇွန်တောင်ဘဏ်ခွဲ | ၀၆-၁၂-၂၀၁၅ |
| (၁၈) မြောက်ဥက္ကလာပဘဏ်ခွဲ | ၀၁-၀၃-၂၀၁၆ |
| (၁၉) ပြည်ဘဏ်ခွဲ | ၀၁-၀၅-၂၀၁၆ |
| (၂၀) လသာဘဏ်ခွဲ | ၀၄-၀၆-၂၀၁၆ |
| (၂၁) စစ်တွေဘဏ်ခွဲ | ၀၇-၀၆-၂၀၁၆ |
| (၂၂) မန္တလေးဘဏ်ခွဲ (၃) | ၂၂-၁၀-၂၀၁၆ |
| (၂၃) ပုသိမ်ဘဏ်ခွဲ | ၁၇-၀၁-၂၀၁၇ |
| (၂၄) မြိတ်ဘဏ်ခွဲ | ၂၀-၁၁-၂၀၁၇ |
| (၂၅) ပဲခူးဘဏ်ခွဲ | ၀၄-၀၄-၂၀၁၈ |
| (၂၆) မြောင်းမြဘဏ်ခွဲ | ၁၀-၀၄-၂၀၁၈ |
| (၂၇) နေပြည်တော် (မြို့မဈေး)ဘဏ်ခွဲ | ၂၀-၀၆-၂၀၁၈ |
| (၂၈) ပခုက္ကူဘဏ်ခွဲ | ၂၂-၀၆-၂၀၁၈ |
| (၂၉) မူဆယ်ဘဏ်ခွဲ | ၁၀-၀၄-၂၀၁၈ |
| (၃၀) တောင်ကြီးဘဏ်ခွဲ | ဖွင့်လှစ်ရန်အသင့် |
| (၃၁) စော်ဘွားကြီးကုန်းဘဏ်ခွဲ | ဖွင့်လှစ်ရန်အသင့် |
| (၃၂) မကွေးဘဏ်ခွဲ | ဖွင့်လှစ်ရန်အသင့် |
| (၃၃) မန္တလေးဘဏ်ခွဲ - ၆၂လမ်း | ဖွင့်လှစ်ရန်အသင့် |

၅။ ကျန်ရှိသည့်တိုင်းဒေသကြီးများတွင်လည်း စီးပွားရေးတွက်ချေကိုက်မည့် ဒေသများ၌၂၀၁၉ - ၂၀၂၀ နှစ် အတွင်း ဘဏ်ခွဲ(၇၅)မှ(၁၀၀) အထိ ဖွင့်လှစ်ရန် ဖြစ်နိုင်ခြေများ လေ့လာပြီး ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

## ဒါရိုက်တာအဖွဲ့

၆။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ သင်းဖွဲ့စည်းမျဉ်း အပိုဒ် (၇၄) တွင် ဒါရိုက်တာ အဖွဲ့ဝင်ဦးရေ ကို သီးခြား လွတ်လပ်သည့် ဒါရိုက်တာ(၂)ဦးနှင့် ရှယ်ယာရှင်(၁၀)ဦး စုစုပေါင်း အများဆုံး(၁၂)ဦးဖွဲ့စည်းထား ပါသည်။

၇။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၁၆ - ၂၀၁၇ဘဏ္ဍာနှစ် (၂၅)ကြိမ်မြောက်၊နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး၏ သဘောတူအတည် ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သော ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပါသည်။

### မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ ဒါရိုက်တာအဖွဲ့ (ဒါရိုက်တာများ)

| စဉ် | အမည်၊ ရာထူး၊ ဌာန | | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာ သန်းမြင့် | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | နာယက |
| (ခ) | ဦးတိုးအောင်မြင့် | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ဦးလှမော်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးနိုင်(ခ) ဦးကိုကိုကြီး | Capital Diamond Star Group Ltd. | အဖွဲ့ဝင် |
| (င) | ဦးလှဦး | Director<br>Good Brother's Co.,Ltd. | အဖွဲ့ဝင် |
| (စ) | ဦးထွန်းလွင် | M.D<br>Shwe Me' Co.,Ltd. | အဖွဲ့ဝင် |
| (ဆ) | ဦးအုန်းဆိုင် | Director<br>New Golden Gate (1991)Co., Ltd. | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်အောင် | CEO<br>IT Consultand, Ahtar Oo Co.,Ltd. | အဖွဲ့ဝင် |
| (ဈ) | ဒေါ်မိုးမိုး | Director<br>J.D.S Co., Ltd. | အဖွဲ့ဝင် |
| (ည) | ဒေါ်အေးစန္ဒာလွင် | Director<br>PAC Link Trading | အဖွဲ့ဝင် |
| (ဋ) | ဦးဇေယျသူရမွန် | CEO<br>Zeya & Associates Co.,Ltd. | အဖွဲ့ဝင် |
| (ဌ) | ဦးဇော်လင်းထွဋ် | သီးခြားလွတ်လပ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| (ဍ) | ဦးအေးသော် | သီးခြားလွတ်လပ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာသောင်းဟန် | အမှုဆောင်အရာရှိချုပ်<br>မြန်မာနိုင်ငံသားများဘဏ်လီမိတက် | အတွင်းရေးမှူး |

## ကော်မတီများ

၈။ ဒါရိုက်တာများပါဝင်သော ကော်မတီ (၆) ရပ်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

### (က) ဆုံးရှုံးနိုင်ခြေ စီမံမှုကော်မတီ

| စဉ် | အမည် | ရာထူး/အဆင့် | တာဝန် |
|---|---|---|---|
| ၁။ | ဒေါက်တာဦးကိုကိုကြီး | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးလှမော်ဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃။ | ဦးထွန်းလွင် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄။ | ဦးဇေယျသူရမွန် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၅။ | ဦးဇော်လင်းထွဋ် | သီးခြားလွတ်လပ်သောဒါရိုက်တာ (၂၄.၂.၂၀၁၈ - နုတ်ထွက်) | အဖွဲ့ဝင် |

### (ခ) ချေးငွေကော်မတီ

| စဉ် | အမည် | ရာထူး/အဆင့် | တာဝန် |
|---|---|---|---|
| ၁။ | ဦးအုန်းဆိုင် | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးလှမော်ဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃။ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄။ | ဦးထွန်းလွင် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၅။ | ဦးဇော်လင်းထွဋ် | သီးခြားလွတ်လပ်သောဒါရိုက်တာ (၂၄.၂.၂၀၁၈ - နုတ်ထွက်) | အဖွဲ့ဝင် |

### (ဂ) လစာချီးမြှင့်ရေးကော်မတီ

| စဉ် | အမည် | ရာထူး/အဆင့် | တာဝန် |
|---|---|---|---|
| ၁။ | ဒေါက်တာဦးကိုကိုကြီး | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃။ | ဦးဇေယျသူရမွန် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄။ | ဒေါ်မြတ်သူဇာအောင် | Head of HR (၃၁.၁၂.၂၀၁၇ - နုတ်ထွက်) | အဖွဲ့ဝင် |

### (ဃ) စာရင်းစစ်ကော်မတီ

| စဉ် | အမည် | ရာထူး/အဆင့် | တာဝန် |
|---|---|---|---|
| ၁။ | ဦးအေးသော် | သီးခြားလွတ်လပ်သောဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးသန်းဝင်းရွှေ | ဥပဒေ (အကြံပေး) | အဖွဲ့ဝင် |
| ၃။ | ဦးတင့်လွင် | ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) မြန်မာ့ကုန်တိုက် | အဖွဲ့ဝင် |
| ၄။ | ဒေါ်ခင်သက်ထား | ဒါရိုက်တာအဖွဲ့အကြံပေး | အဖွဲ့ဝင် |

## (င) ပေးရန်တာဝန်နှင့်ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကော်မတီ

| စဉ် | အမည် | ရာထူး/အဆင့် | တာဝန် |
|---|---|---|---|
| ၁။ | ဦးထွန်းလွင် | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃။ | ဒေါက်တာဦးကိုကိုကြီး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄။ | ဦးရန်နိုင်ထွန်း | ဒါရိုက်တာအဖွဲ့အကြံပေး | အဖွဲ့ဝင် |
| ၅။ | ဦးဇော်လင်းထွဋ် | သီးခြားလွတ်လပ်သောဒါရိုက်တာ (၂၄.၂.၂၀၁၈ရက် - နုတ်ထွက်) | အဖွဲ့ဝင် |

## (စ) Strategic Management ကော်မတီ

| စဉ် | အမည် | ရာထူး/အဆင့် | တာဝန် |
|---|---|---|---|
| ၁။ | ဒေါက်တာဦးကိုကိုကြီး | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃။ | ဦးဇေယျသူရမွန် | ဒါရိုက်တာ | အဖွဲ့ဝင် |

## (ဆ) Board IT Steering ကော်မတီ

| စဉ် | အမည် | ရာထူး/အဆင့် | တာဝန် |
|---|---|---|---|
| ၁။ | ဦးဇော်လင်းထွဋ် | သီးခြားလွတ်လပ်သောဒါရိုက်တာ (၂၄.၂.၂၀၁၈ရက် - နုတ်ထွက်) | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်အောင် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃။ | ဦးဇေယျသူရမွန် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄။ | ဒေါ်အေးစန္ဒာလွင် | ဒါရိုက်တာ | အဖွဲ့ဝင် |


၉။ ကော်မတီအသီးသီးမှ အစည်းအဝေးများပြုလုပ်၍ စစ်ဆေးတွေ့ရှိချက်များကို ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တင်ပြဆွေးနွေးသုံးသပ်ပြီး ဆုံးဖြတ်ချက်များချကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

## မတည်ရင်းနှီးငွေအခြေအနေ

၁၀။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ခွင့်ပြုမတည်ငွေရင်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏၂-၁-၂၀၁၃ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် ကျပ်သန်း(၇၅၀၀၀) ထိ ခွင့်ပြုထားပါသည်။ ထည့်ဝင်ပြီး မတည်ငွေရင်းမှာ တစ်ဖက်ဖော်ပြပါအတိုင်း ကျပ်(၅၂) ဘီလျံရှိပြီဖြစ်ပါသည်။

| | ဘဏ္ဍာနှစ် | ထည့်ဝင်သည့် ရှယ်ယာတန်ဖိုး | (ကျပ်သန်းပေါင်း) အဆင့်ဆင့်ပေါင်း ရှယ်ယာတန်ဖိုး | တိုးတက်မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| (၁) | ၁၉၉၁-၁၉၉၂ မှ ၁၉၉၆-၁၉၉၇ ထိ | - | ၁၁၀.၀၀၀ | - |
| (၂) | ၂၀၀၂-၂၀၀၃ | ၅၀.၀၀၀ | ၁၆၀.၀၀၀ | ၄၅.၄၅% |
| (၃) | ၂၀၀၄-၂၀၀၅ | ၆၀.၀၀၀ | ၂၂၀.၀၀၀ | ၃၇.၅၀% |
| (၄) | ၂၀၀၆-၂၀၀၇ | ၁၅၄.၂၅၀ | ၃၇၄.၂၅၀ | ၇၀.၁၁% |
| (၅) | ၂၀၀၇-၂၀၀၈ | ၄၈၇.၀၄၅ | ၈၆၁.၂၉၅ | ၁၃၀.၁၄% |
| (၆) | ၂၀၀၈-၂၀၀၉ | ၃၈.၇၀၅ | ၉၀၀.၀၀၀ | ၄.၄၉% |
| (၇) | ၂၀၀၉-၂၀၁၀ | ၂၃၂၃.၈၀၇ | ၃၂၂၃.၈၀၇ | ၂၅၈.၂၀% |
| (၈) | ၂၀၁၀-၂၀၁၁ | ၅၈.၀၂၃ | ၃၂၈၁.၈၃၀ | ၁.၈၁% |
| (၉) | ၂၀၁၁-၂၀၁၂ | ၁၅၀၀.၆၇၀ | ၄၇၈၂.၅၀၀ | ၄၅.၇၃% |
| (၁၀) | ၂၀၁၂-၂၀၁၃ | ၁၃၀၇၈.၀၉၂ | ၁၇၈၆၀.၅၉၂ | ၂၇၃.၄၆% |
| (၁၁) | ၂၀၁၃-၂၀၁၄ | ၄၁၀.၂၈၉ | ၁၈၂၇၀.၈၈၁ | ၂.၃၀% |
| (၁၂) | ၂၀၁၄-၂၀၁၅ | ၁၈၈၄၁.၉၄၅ | ၃၇၁၁၂.၈၂၆ | ၁၀၃.၁၃% |
| (၁၃) | ၂၀၁၅-၂၀၁၆ | ၁၂၇၅၆.၉၃၉ | ၄၉၈၆၉.၇၆၅ | ၃၄.၃၇% |
| (၁၄) | ၂၀၁၆-၂၀၁၇ | ၂၁၃၅.၁၆၅ | ၅၂၀၀၄.၉၃၀ | ၄.၂၈% |

## မတည်ရင်းနှီးငွေ




၁၁။ ထည့်ဝင်ပြီးမတည်ငွေရင်းကျပ် (၅၂၀၀၄.၉၃၀) သန်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကျပ် (၅၁၁၇.၀၅၅) သန်းနှင့် အများပြည်သူမှ ကျပ် (၄၆၈၈၇.၈၇၅) သန်း ဖြစ်ပါသည်။

## ရှယ်ယာအများဆုံးပိုင်ဆိုင်သူ ၂၀ ဦးစာရင်း (၆.၆.၂၀၁၇)

### မြန်မာနိုင်ငံသားများဘဏ်လီမိတက်


| စဉ် | ကုမ္ပဏီနာမည် | ကုမ္ပဏီမှတ်ပုံတင် | ပိုင်ဆိုင်သည့်% |
|---|---|---|---|
| ၁ | Capital Diamond Star Group Ltd. | ၁၈၃၁/၂၀၀၂-၂၀၀၃ | ၁၅. ၃၃% |
| ၂ | Ministry of Commerce | | ၁၃. ၇၉% |
| ၃ | Diamond Star Co.,Ltd | ၁၆၅/၁၉၉၀-၁၉၉၁ | ၁၂. ၄၆% |
| ၄ | Shwe Me` Co.,Ltd | ၁၃၇/၁၉၉၅-၁၉၉၆ | ၈. ၀၈% |
| ၅ | Good Brothers' Co.,Ltd | ၂၀၂/၁၉၉၁-၁၉၉၂ | ၆. ၀၆% |
| ၆ | PAC LINK Tdg Co.,Ltd | ၅၉၇/၁၉၉၈-၁၉၉၉ | ၅. ၃၉% |
| ၇ | JDS Co.,Ltd | ၆၁၁/၁၉၉၈-၁၉၉၉ | ၅. ၃၉% |
| ၈ | Good Brothers' Machinery Co.,Ltd | ၄၂၇/၁၉၉၈-၁၉၉၉ | ၅. ၃၉% |
| ၉ | FARMER PHOYAZAR Co.,Ltd | ၉၉၈/၁၉၉၉-၂၀၀၀ | ၃. ၂၆% |
| ၁၀ | Star Union Investment Ltd. | ၇၀၉/၂၀၀၄-၂၀၀၅ | ၂. ၇၆% |
| ၁၁ | VSK International Co.,Ltd | ၆၀၂/၁၉၉၈-၁၉၉၉ | ၂. ၆၉% |
| ၁၂ | Capital Financial Holding Co.,Ltd | ၁၀၅၀/၂၀၀၅-၂၀၀၆ | ၂. ၆၉% |
| ၁၃ | Young Investment Co.,Ltd | ၁၅၆/၂၀၀၅-၂၀၀၆ | ၂. ၆၉% |
| ၁၄ | Unique Value Tdg Co.,Ltd | ၁၃၄၀/၂၀၀၆-၂၀၀၇ | ၁. ၃၅% |
| ၁၅ | Forward Logistic Services Co.,Ltd | ၃၆/၂၀၁၀-၂၀၁၁ | ၁. ၀၈% |
| ၁၆ | Forest Product JVC | No.1JV/1998-1999<br>06-07-1998 | ၀. ၈၄% |
| ၁၇ | Ahtar Oo Co.,Ltd | ၅၇၈/၂၀၀၉-၂၀၁၀ | ၀. ၈၁% |
| ၁၈ | Pro One Myanmar Co.,Ltd | ၂၃၃၈/၂၀၀၃-၂၀၀၄ | ၀. ၈၁% |
| ၁၉ | Tun Thawdar Tdg Co.,Ltd | ၁၄၉/၁၉၉၈-၁၉၉၉ | ၀. ၈၁% |
| ၂၀ | FARMER PHOYAZAR Mining Co.,Ltd | ၁၄၇၁/၂၀၀၇-၂၀၀၈ | ၀. ၅၄% |

### အမြတ်ငွေနှင့် အမြတ်ခွဲဝေမှု


၁၂။ မြန်မာနိုင်ငံသားများဘဏ်ကို တည်ထောင်ခဲ့သည့် ၁၉၉၂-၁၉၉၃ ခုနှစ်မှစ၍နှစ်စဉ် ရရှိလာ သည့် အမြတ်ငွေ - အပေါ်မူတည်ပြီး၊ နိုင်ငံတော်သို့ ဝင်ငွေခွန်များပေးဆောင်ခြင်းနှင့် အစုရှယ်ယာရှင်များအား သင့်တင့်လျောက်ပတ်သော အမြတ်ဝေစုများခွဲဝေပေးလျက်ရှိခဲ့ရာ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၆)နှစ်တာကာလအတွင်း ရရှိခဲ့သည့် အမြတ်ငွေပမာဏ စုစုပေါင်းကျပ် (၃၄.၃၈) ဘီလျံဖြစ်ပြီး ပေးဆောင် ခဲ့သည့် ဝင်ငွေခွန် ကျပ် (၈.၆၆) ဘီလျံနှင့် အမြတ်ဝေစုမှာ ကျပ် (၁၃.၆) ဘီလျံဖြစ်ပါသည်။ နှစ်အလိုက် အမြတ်ငွေ၊ ဝင်ငွေခွန်နှင့် အမြတ်ဝေစုပမာဏများမှာ တဖက်ပါအတိုင်းဖြစ်ပါသည်။

| | | | (ကျပ်သန်းပေါင်း) | |
|---|---|---|---|---|
| နှစ် | အမြတ်ငွေ ပမာဏ | ပေးဆောင်သည့် ဝင်ငွေခွန် | အမြတ်ဝေစု ( % ) | အမြတ်ဝေစု ပမာဏ |
| ၁၉၉၂-၁၉၉၃ | ၂.၆၆ | ၀.၇၉ | - | - |
| ၁၉၉၃-၁၉၉၄ | ၂၂.၉၇ | ၆.၈၉ | ၁၈% | ၁၁.၉၂ |
| ၁၉၉၄-၁၉၉၅ | ၃၄.၂၁ | ၉.၉၈ | ၂၀% | ၁၅.၆၀ |
| ၁၉၉၅-၁၉၉၆ | ၅၂.၇၀ | ၁၅.၁၈ | ၂၃% | ၂၀.၃၉ |
| ၁၉၉၆-၁၉၉၇ | ၈၂.၉၂ | ၂၃.၆၇ | ၂၅% | ၂၅.၅၁ |
| ၁၉၉၇-၁၉၉၈ | ၁၀၉.၉၅ | ၃၂.၉၈ | ၂၅% | ၂၇.၅၀ |
| ၁၉၉၈-၁၉၉၉ | ၁၂၆.၉၁ | ၃၈.၅၀ | ၂၅% | ၂၇.၅၀ |
| ၁၉၉၉-၂၀၀၀ | ၈၆.၁၃ | ၂၇.၅၀ | ၂၅% | ၂၇.၅၀ |
| ၂၀၀၀-၂၀၀၁ | ၁၀၈.၅၆ | ၃၄.၀၀ | ၂၅% | ၂၇.၅၀ |
| ၂၀၀၁-၂၀၀၂ | ၉၂.၀၃ | ၂၉.၀၀ | ၂၅% | ၂၇.၅၀ |
| ၂၀၀၂-၂၀၀၃ | ၁၀၆.၂၁ | ၃၃.၀၀ | ၂၅% | ၃၃.၇၅ |
| ၂၀၀၃-၂၀၀၄ | ၁၄၄.၀၀ | ၄၄.၀၀ | ၂၅% | ၄၀.၀၀ |
| ၂၀၀၄-၂၀၀၅ | ၈၅.၂၃ | ၂၆.၅၀ | ၂၀% | ၄၀.၀၀ |
| ၂၀၀၅-၂၀၀၆ | ၁၅၆.၃၁ | ၄၆.၅၀ | ၂၅% | ၅၅.၀၀ |
| ၂၀၀၆-၂၀၀၇ | ၂၂၂.၇၂ | ၆၈.၀၀ | ၂၅% | ၈၀.၇၆ |
| ၂၀၀၇-၂၀၀၈ | ၃၀၁.၀၁ | ၉၀.၅၀ | ၂၂% | ၁၄၀.၅၅ |
| ၂၀၀၈-၂၀၀၉ | ၅၁၈.၃၄ | ၁၅၇.၅၀ | ၂၅% | ၂၂၁.၅၁ |
| ၂၀၀၉-၂၀၁၀ | ၇၀၇.၄၄ | ၂၁၀.၀၀ | ၁၆% | ၃၂၄.၆၂ |
| ၂၀၁၀-၂၀၁၁ | ၁၀၉၅.၉၄ | ၃၁၅.၀၀ | ၁၇% | ၅၅၆.၁၈ |
| ၂၀၁၁-၂၀၁၂ | ၁၄၅၆.၄၉ | ၃၉၀.၀၀ | ၁၃% | ၆၂၂.၀၁ |
| ၂၀၁၂-၂၀၁၃ | ၂၃၉၉.၃၀ | ၅၉၄.၆၀ | ၁၃% , ၁.၂% | ၉၅၄.၈၁ |
| ၂၀၁၃-၂၀၁၄ | ၃၃၅၀.၅၈ | ၈၃၇.၆၄ | ၁၃% , ၇.၇၅% | ၁၅၃၆.၅၅ |
| ၂၀၁၄-၂၀၁၅ | ၅၁၀၇.၀၇ | ၁၂၈၁.၄၀ | ၁၃% , ၉%, ၂.၈% | ၂၂၆၉.၉၃ |
| ၂၀၁၅-၂၀၁၆ | ၇၀၉၅.၆၅ | ၁၇၇၃.၈၂ | ၁၃% , ၈.၃% | ၃၃၉၇.၃၈ |
| ၂၀၁၆-၂၀၁၇ | ၇၈၁၇.၆၄ | ၁၉၅၄.၃၈ | ၆% | ၃၁၂၀.၃၀ |
| ၂၀၁၇-၂၀၁၈ | ၃၉၅၈.၁၀ | ၇၈၆.၇၃ | ၄% | ၂၀၈၀. ၂၀ |
| စုစုပေါင်း | ၃၈၃၄၂.၆၈ | ၉၄၄၈.၄၆ | | ၁၅၆၈၄.၄၇ |

### အမြတ်ငွေ





### အမြတ်ဝေစု




၁၃။ ဖော်ပြပါအတိုင်း တစ်နှစ်ထက်တစ်နှစ် ဝင်ငွေများတိုးတက်လာခဲ့သဖြင့် နိုင်ငံတော်သို့ အခွန်ငွေများ လည်း တစ်နှစ်ထက် တစ်နှစ်တိုး၍ထည့်ဝင်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၆ – ၂၀၁၇အတွက် စည်းကြပ်သော ဘဏ္ဍာနှစ်တွင် အခွန်အများဆုံးပေးဆောင်သော အခွန်ထမ်း(၅၀)စာရင်းတွင် အဆင့် (၁၇)နေရာတွင်ရှိခဲ့ပြီး၊ ဘဏ်များ၏ အခွန်များဆုံးပေးဆောင်သော စာရင်းတွင် အဆင့် (၈) နေရာရှိခဲ့ပါသည်။

### ဝင်ငွေခွန်




## ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကဏ္ဍများအလိုက် တိုးတက်ရရှိမှု


၁၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေများနှင့်အညီ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသားများဘဏ်၏ လုပ်ငန်းများကဏ္ဍအားလုံးတွင် အောက်ပါအတိုင်း တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ |
|---|---|---|---|---|---|
| စာရင်းရှင်အပ်ငွေ | ၂၀၁၅၇ | ၂၀၆၃၃ | ၃၃၅၀၂ | ၂၁၁၃၁ | ၂၃၇၅၅ |
| ငွေစုဘဏ်အပ်ငွေ | ၄၁၉၇၀ | ၅၁၁၉၆ | ၅၄၆၅၇ | ၆၆၈၉၄ | ၆၆၅၃၄ |
| အချိန်ပိုင်းအပ်ငွေ | ၁၄၈၂၁ | ၃၀၂၉၇ | ၄၆၇၇၄ | ၆၂၆၄၃ | ၁၁၂၅၄၅ |
| ခေါ်ယူအပ်ငွေ | - | ၁၀၅၃ | ၉၄၃၇ | ၁၃၃၀၃ | ၁၇၃၁၉ |
| စုစုပေါင်းအပ်ငွေ | **၇၆၉၄၈** | **၁၀၃၁၇၉** | **၁၄၄၃၇၀** | **၁၆၃၉၇၁** | **၂၂၀၁၅၃** |
| ချေးငွေ | ၆၀၈၄၈ | ၈၇၁၁၆ | ၁၁၅၂၇၆ | ၁၅၉၇၁၈ | ၁၈၈၂၅၃ |
| ရင်းနှီးမြှုပ်နှံမှု | ၁၈၇၈၈ | ၃၁၆၂၁ | ၅၀၈၅၂ | ၄၇၄၉၁ | ၅၇၅၁၁ |
| ငွေပေးအမိန့်လက်မှတ် | ၂၃၀၇၇ | ၅၉၃၄၄ | ၆၉၀၁၇ | ၉၀၂၆၄ | ၇၂၄၅၇ |
| ပြည်တွင်းငွေလွှဲ | ၁၀၈၂၃၃ | ၁၇၀၂၆၆ | ၂၁၉၁၄၀ | ၂၆၇၆၃၅ | ၂၉၁၈၄၂ |


## အပ်ငွေစုစုပေါင်း

### Total Deposits





## ချေးငွေစုစုပေါင်း

### Total Deposits & Loans





## ငွေလွှဲစုစုပေါင်း

### Domestic Remittance




## ရင်းနှီးမြှုပ်နှံမှု

### Investments



## နိုင်ငံတကာဘဏ်လုပ်ငန်းဝန်ဆောင်မှုများ

၁၅။ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ၁၉၉၄မှ ၁၉၉၈အထိ နိုင်ငံခြားငွေဘဏ်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး၊ နိုင်ငံတော်၏ မူဝါဒအရ ၁၉၉၈ ခုနှစ်တွင် ရပ်နားခဲ့ပါသည်။

၁၆။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံတော်မှ နိုင်ငံခြားငွေရောင်းဝယ်နိုင်သည့် Money Changer License များ ခွင့်ပြုခဲ့ရာ မြန်မာနိုင်ငံသားများဘဏ်မှလည်း နိုင်ငံခြားငွေ ရောင်းဝယ်သည့် Money Changer License ဖြင့် အောက်ပါအတိုင်း Money Changer Counter များအဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

| နေရာ | ဖွင့်လှစ်သည့်နေ့ |
|---|---|
| (၁) နေပြည်တော်ဘဏ်ခွဲ | ၂၂-၆-၂၀၁၁ |
| (၂) ကျောက်တံတားဘဏ်ခွဲ (ရန်ကုန်) | ၂၄-၁၀-၂၀၁၁ |
| (၃) မူဆယ်ဘဏ်ခွဲ | ၆-၁၂-၂၀၁၁ |
| (၄) မန္တလေးဘဏ်ခွဲ | ၁၄-၉-၂၀၁၂ |
| (၅) ဒေါပုံဘဏ်ခွဲငယ် | ၇-၅-၂၀၁၄ |
| (၆) မြိတ်ဘဏ်ခွဲ | ၂၃-၁၁-၂၀၁၇ |
| (၇) ဘုရင့်နောင်ဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၈) မြင်းခြံဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၉) ပုသိမ်ဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၁၀) စစ်တွေဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၁၁) အောင်လံဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၁၂) မန္တလေးဘဏ်ခွဲ(၃) | ၂-၁-၂၀၁၈ |
| (၁၃) လသာဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၁၄) မုံရွာဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၁၅) ပုဇွန်တောင်ဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၁၆) တန့်ဆည်ဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၁၇) ပန်းဘဲတန်းဘဏ်ခွဲငယ် | ၂-၁-၂၀၁၈ |
| (၁၈) မြောက်ဥက္ကလာပဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၁၉) ပြည်ဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၂၀) မန္တလေးဘဏ်ခွဲ(၂) | ၂-၁-၂၀၁၈ |
| (၂၁) ဘုရင့်နောင်ဘဏ်ခွဲငယ် | ၂-၁-၂၀၁၈ |
| (၂၂) ရေစကြိုဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၂၃) လားရှိုးဘဏ်ခွဲ | ၂-၁-၂၀၁၈ |
| (၂၄) ပဲခူးဘဏ်ခွဲ | ၇-၅-၂၀၁၈ |

## နိုင်ငံခြားငွေလုပ်ငန်း ဆောင်ရွက်ခြင်း

၁၇။ ထပ်မံ၍ ဗဟိုဘဏ်မှပြည်ပနိုင်ငံများနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းများဆောင်ရွက်နိုင်သည့် နိုင်ငံခြားငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် Authorized Dealer License ကို လျှောက်ထားခဲ့ရာ ၁၇-၈-၂၀၁၂ ရက်နေ့တွင်ပင် A.D License ကိုထပ်မံရရှိခဲ့ပါသည်။ ယခုအခါ နိုင်ငံခြားဘဏ်များ နှင့် ဆက်သွယ်ရာတွင် လွယ်ကူချောမွေ့ပြီး ပိုမိုလုံခြုံစိတ်ချရမှုရှိစေရန် SWIFT (Society for Worldwide Inter Bank Financial Telecommunication ကို ၅-၁-၂၀၁၃ ရက်နေ့တွင် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ United Oversea Bank (UOB), Oversea Chinese Banking Corporation (OCBC), DBS Bank, United Bank of India, Malayan Banking Berhad (May Bank), ICBC, Kurng Thai Bank, Siam Commercial Bank, Kasikorn Bank, Bangkok Bank, BIDV တို့နှင့် Correspondent Bank အဖြစ် ဆောင်ရွက်ခဲ့ပြီး ငွေစာရင်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယင်း Correspondent Bank များနှင့်ဘဏ်၏ Customer များသို့ နိုင်ငံခြားငွေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ်တိုး၍ အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

(က) နိုင်ငံခြားငွေဖြင့် စာရင်းရှင်စာရင်းများ ဖွင့်လှစ်ခြင်း၊
(ခ) နိုင်ငံခြားငွေဖြင့် ငွေသွင်းငွေထုတ်ဆောင်ရွက်ပေးခြင်း၊
(ဂ) ပြည်တွင်းပြည်ပ Account Transfer လုပ်ငန်းများ၊
(ဃ) Exporters / Importers များအတွက် နိုင်ငံခြားငွေရောင်းဝယ်ခြင်းလုပ်ငန်းများ။

## နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်း

၁၈။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံခြားငွေ ဝန်ဆောင်မှုမှ ဝင်ငွေရရှိမှု အခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ် တင်ပြအပ်ပါသည်။

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
|---|---|---|---|
| (က) | Money Changer Profit | ၂၆.၁၂ | ၂၈.၇၅ |
| (ခ) | Money Transfer Services,Remittance | ၁၇.၈၀ | ၁၈.၁၆ |
| (ဂ) | Payment Order | ၀.၁၈ | ၀.၄၄ |
| (ဃ) | Account Transfer | ၁၈၉.၄၆ | ၁၁၁.၇၇ |
| (င) | FX | ၇၆၉.၇၄ | ၂၁၉.၃၈ |
| (စ) | Exchange Transaction | ၁၉၃၄.၄၇ | ၁၂၅၁.၅၈ |
| | **Total Income** | ၂၉၃၇.၇၇ | ၁၆၃၀.၀၈ |

၁၉။ နိုင်ငံခြားငွေလဲလှယ်မှုလုပ်ငန်းတွင် အမြတ်ရရှိမှုအခြေအနေမှာ ယခင်နှစ်ထက်လျော့နည်းခဲ့ခြင်းမှာ ဒေါ်လာနှင့် မြန်မာငွေလဲလှယ်ရာတွင် မြန်မာကျပ်ငွေတန်ဖိုး ပြောင်းလဲမှုလျော့နည်းသောကြောင့် ဖြစ်ပါသည်။

နိုင်ငံတကာ ငွေလွှဲလုပ်ငန်းများ

၂၀။ ပြည်ပရောက် အလုပ်သမား၊ ဝန်ထမ်းများ အလွယ်တကူ မြန်မာနိုင်ငံသို့ ပြည်ပမှ ငွေများ လွှဲပို့နိုင်ရန် Money Gram International Limited - MGIL (Dubai) နှင့် လည်းကောင်း၊ International Money Express - IME (Malaysia) နှင့် လည်းကောင်း၊ Trans Fast World Wide Money Transfer (T.F) (New York) နှင့် လည်းကောင်း၊ Merchantrade Money Transfer Services နှင့် လည်းကောင်း ငွေလွှဲ Agency တို့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သဖြင့် ငွေလွှဲဝန်ဆောင်မှုအတွက် ဝင်ငွေများလည်း ရရှိခဲ့ပါသည်။

နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးခြင်း

၂၁။ နိုင်ငံတကာကုန်သွယ်ရေး (International Trade) ဝန်ဆောင်မှု လုပ်ငန်းများအား တိုးတက်ပြောင်းလဲနေသော ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများနှင့်အညီ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းဌာန (Trade Finance Department) အား (၁၂.၄.၂၀၁၇) ရက်နေ့တွင်ဖွဲ့စည်း၍ ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ (Export/Import) အတွက် အထူးအလေးပေးလျက် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိပါသည်။

(က) သွင်းကုန်ငွေလွှဲစာတမ်းဖွင့်လှစ်ပေးခြင်း
(ခ) သွင်းကုန်ဘီလ်များ လက်ခံဆောင်ရွက်ခြင်း
(ဂ) သွင်းကုန်ဘီလ်တန်ဖိုးပေးချေခြင်း
(ဃ) သွင်းကုန်အတွက် ငွေလွှဲပေးပို့ခြင်း
(င) ပို့ကုန်ငွေလွှဲစာတမ်းအကြောင်းကြားပေးခြင်း
(စ) ပို့ကုန်ဘီလ်များ လက်ခံဆောင်ရွက်ခြင်း
(ဆ) ပို့ကုန်ငွေလွှဲစာတမ်းအတွက်ငွေတောင်းခံပေးခြင်း
(ဇ) ပို့ကုန်ရငွေများလက်ခံပေးခြင်း
(ဈ) နိုင်ငံခြားငွေဖြင့် ဘဏ်အာမခံများ ဆောင်ရွက်ပေးခြင်း
(ည) Non-Trade Payment (Outward Remittance) အတွက် ငွေပေးချေမှုများဆောင်ရွက်ပေးခြင်း
(ဋ) Trade Facility များ ပံ့ပိုးပေးခြင်း

၂၂။ Trade Finance Department အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်/သွင်းကုန်၊ Bank Guarantee တို့အပြင် Non-trade Payment (Outward Remittance) လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ Trade Finance ဝန်ဆောင်မှုလုပ်ငန်းများ မှဝင်ငွေရရှိမှု အခြေအနေများအား အောက်ပါအတိုင်းနှိုင်းယှဉ် တင်ပြအပ်ပါသည်။

| စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | တိုးတက်မှုအခြေအနေ |
|---|---|---|---|---|
| (က) | သွင်းကုန်လုပ်ငန်း | ၁၇၄.၃၅ | ၁၉၇.၂၁ | (+) ၂၂.၈၆ |
| (ခ) | ပို့ကုန်လုပ်ငန်း | ၃.၇၇ | ၁.၁၄ | (-) ၂.၆၃ |
| (ဂ) | ဘဏ်အာမခံလုပ်ငန်း (FC) | ၂၁.၁၆ | ၁၅.၀၅ | (-) ၆.၁၁ |
| (ဃ) | Non-Trade Payment (Outward Remittance) | ၂.၄၉ | ၇.၀၆ | (+) ၄.၅၇ |
| | စုစုပေါင်း | ၂၀၁.၇၇ | ၂၂၀.၄၆ | (+) ၁၈.၆၉ |

၂၃။ Trade Finance Department အနေဖြင့် ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်သွင်းကုန် လုပ်ငန်းများ နှင့် Bank Guarantee လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် Financing များ တစ်နှစ်ထက် တစ်နှစ် တိုးမြှင့် ပံ့ပိုး ပေးနိုင်ရန် အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

**Visa Card, Master Card Acquiring နှင့် Issuing လုပ်ငန်း**

၂၄။ နိုင်ငံတကာမှ ရောက်ရှိလာကြသည့် Visa, Master Card ကိုင်ဆောင်သောသူများယင်းကဒ် များကို အသုံးပြု၍ ငွေပေးချေမှု လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် Visa, Master အဖွဲ့အစည်းတို့ထံမှ လုပ်ငန်း လိုင်စင်ရယူ၍ Hotel များ၊ စားသောက်ဆိုင်များ၊ စုစုပေါင်း ( ၃၅ ) နေရာတွင် ဘဏ်၏ POS စက်များ တပ်ဆင်၍ အသုံးပြုနိုင်ရန် ဆောင်ရွက်ထားနိုင်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ဝန်ဆောင်ခများ ရရှိသည့်အပြင်၊ မိမိတို့ Nostro Account များတွင် လိုအပ်နေသော နိုင်ငံခြား ငွေကြေးများကိုလည်း ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

၂၅။ ပြည်ပရောက် မြန်မာနိုင်ငံသားများ နိုင်ငံခြားရှိ စားသောက်ဆိုင်များ၊ Super Market များ၊ Hotel များတွင် Master Card များကို အသုံးပြု၍ ငွေပေးချေနိုင်ရန်နှင့် Hotel Booking ပြုလုပ်ခြင်း၊ လေယာဉ် လက်မှတ် Booking ပြုလုပ်ခြင်းနှင့် Online မှ ဈေးဝယ်ခြင်းများ ပြုလုပ်နိုင်ရန် Technical Provider ဖြစ်သူ ထိုင်းနိုင်ငံရှိ 2C2P ကုမ္ပဏီနှင့် ပူးပေါင်း၍ နိုင်ငံသားကဒ် (Citizen Card) အမည်ဖြင့် မြန်မာနိုင်ငံသားများဘဏ်၏ Master Card ကို ထုတ်လုပ် သုံးစွဲလျက်ရှိပါသည်။

**Myanmar Payment Union (MPU)**

၂၆။ ပြည်တွင်း၌ ငွေသားကိုင်ဆောင်ပြီး ငွေပေးချေမှုကို လျှော့ချ၍ အဖွဲ့ဝင်ဘဏ်အချင်းချင်း ဘဏ်ဝန်ဆောင်မှုများကို ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ရန်၊ ငွေပေးချေမှုစနစ် အဆင့်မြှင့်တင် တိုးတက်
စေရန်၊ နိုင်ငံတကာကဒ် (Card)များကို ပြည်တွင်းတွင် အသုံးပြုနိုင်ရန်နှင့် ပြည်တွင်းဘဏ်များကို နိုင်ငံတကာ ကွန်ယက်နှင့် အသုံးပြုနိုင်ရန် MPU ကို ဖွဲ့စည်းခဲ့ရာ မြန်မာနိုင်ငံသားများဘဏ်သည် ကနဦးအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါ သည်။

၂၇။ မိမိတို့၏ ATM Card များကို MPU စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ထားသည့် ကမ္ဘောဇ၊ ရောဝတီနှင့် သမဝါယမဘဏ် အစရှိသည့် MPU အဖွဲ့ဝင် ဘဏ်များ၏ ATM စက်များတွင်လည်း ငွေသွင်း/ ငွေထုတ် လုပ်ငန်းများကို အသုံးပြုလျှက်ရှိပါသည်။ MPU နှင့် နိုင်ငံခြားကဒ်များ လက်ခံဆောင်ရွက်နိုင်ရန်အတွက် လောလောဆယ်တွင် China Union Pay (CUP) Japan Credit Bureau (JCB) Card တို့အား ငွေများလက်ခံ ထုတ်ပေးနိုင် ပြီဖြစ်ပါသည်။ Master, Visa တို့၏ကဒ်များအား လက်ခံထုတ်ပေးခြင်းအဆင့်ဆောင်ရွက်နိုင်ရန်MPU Member အဖွဲ့ဝင်အနေဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ ATM Customer A/C(၁၆၁၁၇)ဦး ရှိပြီး၊ POS (၇) လုံးနှင့် ATM Machine (၂၂ ) လုံး တပ်ဆင်ထားပြီး ဖြစ်ပါသည်။ ဆက်လက်၍ ATM Machine များ တိုးချဲ့တပ်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**Mobile Payment**


၂၈။ ဘဏ်ခွဲမရှိသော ကျေးလက်ဒေသများအရောက် တယ်လီဖုန်းဖြင့် ငွေပေးပို့နိုင်သည့် Mobile Payment စနစ်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ တင်ပြပြီး ခွင့်ပြုချက်တောင်းခံခဲ့ရာ ဗဟိုဘဏ်မှ ၂၀၁၅ ခုနှစ်၊ မေလ (၂၂) ရက်နေ့တွင် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ယင်း Mobile Payment စနစ်ဖြင့် ဘဏ်ခွဲမရှိသော ဒေသများအရောက် တစ်နေရာမှတစ်နေရာသို့ ငွေများအလွယ်တကူပေးပို့ခြင်းဖြင့် ဘဏ်အနေဖြင့်လည်း ဝန်ဆောင်ခများ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ ယခုအခါတွင် MCB\HP Customer များ အတိုးပေးငွေများအား ယင်းဒေသရှိ ၆၆၃ Mobile Agent များမှတဆင့် လွှဲပြောင်းခြင်းအား ဆောင်ရွက်လျှက်ရှိပါသည်။ MCB \ Mobile Payment လုပ်ငန်းတွင် Super Agent (၈) ဦး၊ Agent(၁၆၉၄) ဦး၊ Subscriber(၁၂၈၈၄) ဦး၊ Merchant (၁၁၃၅) ဦးဖြင့် လုပ် ငန်းများဆောင်ရွက်လျှက်ရှိပါသည်။

## E-payment စနစ် စတင်ဆောင်ရွက်ခြင်း

၂၉။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ သွင်းကုန်လိုင်စင်ကြေးများ ပေးသွင်းရာ တွင်လုပ်ငန်း ပိုမိုအဆင်ပြေပြီး နေပြည်တော်သို့ငွေများ သယ်ယူသွားရခြင်းမရှိဘဲ ငွေကြေးလုံခြုံမှုရှိစေရန် သွင်းကုန်လိုင်စင်ကြေး ပေးသွင်းရမည့်ငွေကို မြန်မာနိုင်ငံသားများဘဏ်လီမိတက်၌ ကြိုတင်ပေးသွင်း၍ ယင်းစာရင်းမှ Online ဖြင့် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက သွင်းကုန်လိုင်စင်ကြေး ရယူသည့် E-payment စနစ်ကို ၁-၉-၂၀၀၇ ရက် နေ့မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းတိုးတက်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာနှစ် | စာရင်းဖွင့် ဦးရေ | သွင်းကုန်လိုင်စင် ဦးရေ | ဝန်ကြီးရုံးသို့ ပေးသွင်းငွေ | ဘဏ်ဝန်ဆောင် စရိတ် |
|---|---|---|---|---|
| ၂၀၀၇-၂၀၀၈ | ၂၂၄၉ | ၁၆၈၁၀ | ၁၉၉. ၅၈၅ | ၀. ၅၃၈ |
| ၂၀၀၈-၂၀၀၉ | ၇၉၈ | ၃၇၀၂၂ | ၄၂၂. ၄၁၁ | ၃. ၆၄၉ |
| ၂၀၀၉-၂၀၁၀ | ၇၃၁ | ၄၅၀၇၉ | ၅၂၀. ၉၁၀ | ၄. ၅၀၈ |
| ၂၀၁၀-၂၀၁၁ | ၇၁၁ | ၅၈၃၉၁ | ၆၄၇. ၇၉၉ | ၂၁. ၈၅၉ |
| ၂၀၁၁-၂၀၁၂ | ၅၅၉၀ | ၆၆၆၄၀ | ၈၁၂. ၈၈၂ | ၃၃. ၃၃၀ |
| ၂၀၁၂-၂၀၁၃ | ၇၂၀၄ | ၇၇၄၇၉ | ၃၂၇၇. ၉၄၀ | ၃၈. ၇၄ |
| ၂၀၁၃-၂၀၁၄ | ၉၀၂၆ | ၂၅၅၆၃၁ | ၃၃၄၇. ၉၇၀ | ၇၄. ၀၃ |
| ၂၀၁၄-၂၀၁၅ | ၁၀၇၃၂ | ၁၇၀၉၆၀ | ၃၈၀၉. ၄၅၀ | ၈၅. ၄၈ |
| ၂၀၁၅-၂၀၁၆ | ၁၂၉၅၂ | ၁၈၂၈၃၂ | ၄၁၇၀. ၀၄၀ | ၉၁. ၄၂ |
| ၂၀၁၆-၂၀၁၇ | ၁၅၃၀၂ | ၂၂၀၃၇၈ | ၄၉၂၁. ၁၈၈ | ၁၁၀. ၁၉ |
| ၂၀၁၇-၂၀၁၈ | ၁၇၃၀၄ | ၂၆၅၉၆၈ | ၅၅၃၆. ၂၀၀ | ၁၃၂. ၈၄ |






## ချေးငွေလုပ်ငန်း

၃၀။ မြန်မာနိုင်ငံသားများဘဏ်၏ အဓိကဝင်ငွေရလုပ်ငန်းများအနက် တစ်ခုဖြစ်သည့် နှစ်တို ချေးငွေလုပ်ငန်းကို ဆောင်ရွက်ရာ၌ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ လုပ်ငန်းများတွင် ဘဏ္ဍာငွေ အထောက် အပံ့ပေးခြင်းဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုစေရန်နှင့် အခြားတစ်ဖက်မှလည်း ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ပုံမှန်ဝင်ငွေရရှိစေရန်နှင့် ဆုံးရှုံးမှုမရှိစေရန်အတွက် ဒါရိုက်တာတစ်ဦးမှ ဦးဆောင်သော ချေးငွေကော်မတီ ဖွဲ့စည်း၍အဆင့်ဆင့် စိစစ်ပြီး ချေးငွေများ ထုတ်ပေးလျှက်ရှိပါသည်။ ထိုသို့ထုတ်ချေးရာတွင် ဘဏ်၏ ချေးငွေဆောင်ရွက်မှုများအား စီမံခန့် ခွဲရန်နှင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များအတွက် ကာကွယ်နိုင်ရန် ချေးငွေမူဝါဒသစ်များ ချမှတ်ခဲ့ပါသည်။

၃၁။ မြန်မာနိုင်ငံသားများဘဏ်၊ ချေးငွေဌာန အနေဖြင့် ၃၁.၃.၂၀၁၈ နေ့အထိ တိုင်းရင်းသား လုပ်ငန်းရှင် (၉၁၆)ဦးသို့ ချေးငွေပမာဏ (၁၁၅.၅၅၅) ဘီလျံ ထုတ်ချေးခဲ့ရာ ယခင်နှစ်ကထက်(၆.၉၈)ဘီလျံ တိုးမြှင့်ထုတ်ချေးနိုင်ခဲ့ပါသည်။ NPL (Non Performing Loan Ratio) မှာ ယခင်နှစ်က (၂.၈၉%)ရှိရာမှ ယခုနှစ်တွင် (၄.၄၅%)သို့ရောက်ရှိခဲ့ပါသည်။ ထိုသို့ဖြစ်ပွားရခြင်းမှာ ချေးငွေလုပ်ငန်းသဘာဝ နိယာမအရ ချေးငွေပမာဏ တိုးတက်လာသည့် အလျောက် NPL% မြင့်ခဲ့ရခြင်း ဖြစ်ပါသည်။ သို့ရာတွင် NPL ဦးရေပမာဏ လျော့နည်းကျဆင်းစေရန် မျက်ခြေမပြတ် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။

## အငှားဝယ်စနစ် (Hire Purchase) လုပ်ငန်း

၃၂။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ အငှားဝယ်စနစ် ချေးငွေလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ပစ္စည်းရောင်းချသည့် ကုမ္ပဏီကြီး (၂၅) ခုနှင့် ချိတ်ဆက်၍ လယ်ယာသုံး စက်ပစ္စည်းများ၊ တိုက်ခန်းများ၊ အိမ်စီးကားများ၊ လုပ်ငန်းသုံးမော်တော်ယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများကို ယခုအချိန်ထိ ဆုံးရှုံးမှုမရှိပဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏တိုင်းဒေသ သကြီးများအားလုံးနှင့် ပြည်နယ်အားလုံးရှိ တောင်သူကြီးများအား လယ်ယာသုံး စက်ပစ္စည်းများကို အဓိက ရောင်းချခဲ့ပြီး (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် ဦးရေ (၁၀၅၁၉) ဝင်ငွေ (၈၄၆၇.၀၁) သန်းရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် အငှားဝယ်စနစ်လုပ်ငန်းကို ဆောင်ရွက်ရာတွင် ကောင်းမွန်သော ဝန်ဆောင်မှုဖြင့် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးခြင်းကြောင့် လုပ်ငန်းရှင်များ၏ ယုံကြည်အားကိုးမှု၊ Customer များမှ မြန်မာနိုင်ငံသားများဘဏ်လီမိတက်ကို လက်ခံဆောင်ရွက်လိုမှုများကြောင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံသားများဘဏ်မှ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လယ်ယာသုံး စက်ပစ္စည်းများကို အငှားဝယ်စနစ်ဖြင့် ရောင်းချပေးသည့်အပြင်ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်း အမျိုးမျိုးကို SME Finance စနစ်ဖြင့်ပြည်နယ်နှင့် တိုင်းဒေသအသီးသီးသို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ရောင်းပေးလျက်ရှိပါသည်။ (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် နိုင်ငံအတွင်းရှိ လူတန်းစားအသီးသီး၏ လူနေမှု အဆင့်အတန်းမြင့်မား စေရန်ရည်စူး၍ အိမ်သုံး၊ လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်း အမျိုးမျိုးကို အရစ်ကျစနစ်ဖြင့်တိုးချဲ့ ရောင်းချလျက်ရှိပါသည်။

(ကျပ်သန်း)

| ဘဏ္ဍာနှစ် | ဦးရေ | ဝင်ငွေ | | | |
|---|---|---|---|---|---|
| | | (Rental Fees) | Commission | Service Charges | စုစုပေါင်း |
| ၂၀၁၆-၂၀၁၇ | ၉၆၀၂ | ၄၅၄၈. ၂၁ | ၁၇၅၂. ၅၄ | ၂၉. ၇၆ | ၆၃၃၀. ၅၁ |
| ၂၀၁၇-၂၀၁၈ | ၁၀၅၁၉ | ၆၃၉၅. ၂၇ | ၂၀၄၃. ၄၂ | ၂၈. ၃၂ | ၈၄၆၇. ၀၁ |

SME Loans


၃၃။ ဂျပန်နိုင်ငံမှ JICA ချေးငွေရယူ၍ Two Step Loan အစီအစဉ်ဖြင့် အသေးစား အလတ်စား စက်မှုလုပ်ငန်းများ SMEs များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်း (Participant Financial Institution) အဖြစ် ရွေးချယ်ခံရသည့်အတွက် မြန်မာနိုင်ငံသားများ ဘဏ်မှ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ပဲခူးတိုင်း၊ဧရာဝတီတိုင်း၊တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်တို့အား (၂၀၁၆ - ၂၀၁၇) ဘဏ္ဍာနှစ်တွင် လုပ်ငန်းရှင် (၁၉)ဦး၊ ချေးငွေပမာဏ (၆.၃၇)ဘီလျံ၊ (၂၀၁၇ - ၂၀၁၈) ဘဏ္ဍာနှစ်တွင် လုပ်ငန်းရှင် (၉) ဦး၊ ချေးငွေ ပမာဏ (၂.၄၇)ဘီလျံ၊ စုစုပေါင်း(၂၈) ဦးအား (၈.၈၄) ဘီလျံကို ထုတ်ချေးခဲ့ပြီး မကြာမီ ထပ်မံရရှိမည့် Two-Step Loan Phase II ဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ တန်ဖိုးမြှင့်ထုတ်ကုန် (value added goods) လုပ်ငန်းရှင်များ အပါအဝင် လုပ်ငန်းရှင်ငယ်လေးများ ပါမကျန် ထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ချေးငွေလုပ်ငန်းအမျိုးအစား

(ကျပ်သန်း)

| ဘဏ္ဍာနှစ် | ချေးငွေ | စာရင်းပို ထုတ်ချေးငွေ | အငှားဝယ်စနစ် လုပ်ငန်း | Trade Guarantee | Two Step Loan |
|---|---|---|---|---|---|
| ၂၀၁၇-၂၀၁၈ | ၁၀၀၀၄၀ | ၁၄၃၆၀ | ၆၂၉၃၆ | ၁၇၇၉ | ၉၂၃၃ |

**ချေးငွေလုပ်ငန်းအမျိုးအစား**




ကဏ္ဍအလိုက်ချေးငွေစာရင်း


(ကျပ်သန်း)

| ဘဏ္ဍာနှစ် | စက်မှု/ လက်မှု ကဏ္ဍ | သယ်ယူပို့ ဆောင်ရေး ကဏ္ဍ | ကုန်သွယ်မှု ကဏ္ဍ | ဝန်ဆောင် မှု ကဏ္ဍ | ဆောက်လုပ်ရေး ကဏ္ဍ | စိုက်ပျိုးရေး နှင့်မွေးမြူရေး ကဏ္ဍ | အထွေထွေ ကဏ္ဍ |
|---|---|---|---|---|---|---|---|
| ၂၀၁၇-၂၀၁၈ | ၃၁၄၅၈ | ၁၉၅၁ | ၄၇၁၀၁ | ၃၃၅၈၆ | ၈၆၄၅ | ၆၃၉၅၄ | ၁၆၅၃ |

## ကဏ္ဍအလိုက်ချေးငွေစာရင်း

(ကျပ်သန်း)

| ဘဏ္ဍာနှစ် | စက်မှု/ လက်မှု ကဏ္ဍ | သယ်ယူပို့ ဆောင်ရေး ကဏ္ဍ | ကုန်သွယ်မှု ကဏ္ဍ | ဝန်ဆောင် မှု ကဏ္ဍ | ဆောက်လုပ်ရေး ကဏ္ဍ | စိုက်ပျိုးရေး နှင့်မွေးမြူရေး ကဏ္ဍ | အထွေထွေ ကဏ္ဍ |
|---|---|---|---|---|---|---|---|
| ၂၀၁၇-၂၀၁၈ | ၃၁၄၅၈ | ၁၉၅၁ | ၄၇၁၀၁ | ၃၃၅၈၆ | ၈၆၄၅ | ၆၃၉၅၄ | ၁၆၅၃ |




### လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်း

၃၄။ ဝန်ထမ်းများအား လုပ်ငန်းခွင်လက်တွေ့နှင့် စာတွေ့သင်တန်းများ၊ ဘဏ်များအသင်းက ဖွင့်လှစ်သော သင်တန်းများ၊ International Banking အတွေ့အကြုံရရှိစေရန် နိုင်ငံခြားဘဏ်များမှ လာရောက်ဖွင့်လှစ်သော သင်တန်းများ၊ ပြည်တွင်း၌ နိုင်ငံခြားဘဏ်များမှ ဖွင့်လှစ်သော သင်တန်းများနှင့် Seminars များ တက်ရောက်စေခဲ့ပါသည်။ ယင်းအပြင် Master, Visa Card ကဲ့သို့ နိုင်ငံခြားကဒ်လုပ်ငန်းအတွက် သင်တန်းများကိုလည်း ထိုင်းနိုင်ငံသို့ စေလွှတ်၍လည်း သင်တန်းတက်ရောက်စေခဲ့ပါသည်။ ယခုနှစ်တွင် Diploma in Banking (DB) တွင် ဝန်ထမ်း (၄) ဦးနှင့် Master of Banking အရာထမ်း (၂) ဦး တက်ရောက်သင်ကြားစေလျက်ရှိပါသည်။

### Yangon Stock Exchange တွင် Share ရောင်းဝယ်မှု အခြေအနေ

၃၅။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် ၂၆.၈.၂၀၁၆ ရက်နေ့မှစ၍ YSX တွင် Listed ကုမ္ပဏီတစ်ခုအဖြစ် ဘဏ်၏ အစုရှယ်ယာများ စာရင်းတင် ရောင်းချခွင့် ရရှိခဲ့သော ပထမဆုံးသောဘဏ်ဖြစ်ပါသည်။ ဈေးကွက် စတင်ဖွင့်လှစ်ချိန် အစုရှယ်ယာအရောင်းအဝယ် စတင်ဆောင်ရွက်ခဲ့ရာ၊ ဖွင့်လှစ်သည့်ဈေးအား တစ်စုလျှင် ကျပ် (၆၈၀၀) သတ်မှတ်ခဲ့ပြီး ယင်းနေ့တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ကျပ် (၇၈၀၀) ဖြစ်ခဲ့ပါသည်။ အရောင်းအဝယ် ပမာဏအားဖြင့် (၂၆-၈-၂၀၁၆) ရက်နေ့မှ (၂၀-၇-၂၀၁၈) ရက်နေ့အထိ စုစုပေါင်း ရှယ်ယာအစုရေ (၁၉၀၆၉၃) စုအတွက် တန်ဖိုးကျပ် (၁၉၃၉.၀၁၇) သန်းဘိုး အရောင်းအဝယ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ လက်ရှိအရောင်းအဝယ် ဖြစ်နေသော ဈေးမှာ ရှယ်ယာတစ်စုလျှင် ကျပ် (၇၈၀၀) ဝန်းကျင်ခန့်ဖြစ်ပါသည်။

## ငွေကြေးခိုင်မာမှုအခြေအနေ


၃၆။ မြန်မာနိုင်ငံသားများဘဏ်၏ တစ်ဖက်ဖော်ပြပါ ငွေကြေးအချိုးများသည် ဘဏ်၏ငွေကြေးအခြေအနေခိုင်မာမှု ရှိကြောင်းပြသလျက် ရှိပါသည်။

| စဉ် | အကြောင်းအရာ | ဗဟိုဘဏ် သတ်မှတ်နှုန်း | ၃၁-၃-၂၀၁၇ | ၃၁-၃-၂၀၁၈ |
|---|---|---|---|---|
| (က) | မတည်ငွေရင်းလုံလောက်မှုအချိုး (Capital Adequacy Measurement) | ၁၀. ၀၀% | ၃၀. ၀၉% | ၂၅. ၆၈% |
| (ခ) | ငွေကြေးလွယ်ကူမှုအချိုး (Liquidity Ratio) | ၂၀. ၀၀% | ၂၉. ၉၀% | ၃၃. ၂၈% |
| (ဂ) | သီးသန့်ငွေလိုအပ်ချက် (Reserve Requirement) | ၅. ၀၀% | ပြည့်မီရန်-(၇၃၉၄)သန်း ထားရှိငွေ-(၇၉၂၆)သန်း | ပြည့်မီရန်-(၇၃၇၇)သန်း ထားရှိငွေ-(၁၂၃၇၇)သန်း |
| (ဃ) | Non-Performing Loan Ratio | - | ၂. ၈၉% | ၄. ၄၅% |

၃၇။ ဘဏ်၏ ROA, ROE, Operation Ratio နှင့် Earning Per Share များမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
|---|---|---|---|---|---|---|
| (က) | ပိုင်ဆိုင်မှုများအပေါ် အကျိုးအမြတ် (Return On Average Assets-ROA) | ၂. ၄၃% | ၂. ၄၈% | ၂. ၄၂% | ၂. ၃၉% | ၁. ၀၅% |
| (ခ) | အရင်းအနှီးပေါ် အကျိုးအမြတ် (Return On Average Equity-ROE) | ၁၁. ၅၈% | ၈. ၅၃% | ၈. ၆၇% | ၈. ၈၁% | ၅. ၇၀% |
| (ဂ) | ဝင်ငွေနှင့်အသုံးစရိတ်အချိုး (Cost Income Ratio) | ၄၂. ၄၀% | ၃၈. ၀၆% | ၄၅. ၁၃% | ၅၁. ၄၁% | ၆၉. ၉၇% |
| (ဃ) | အစုရှယ်ယာတစ်စုအပေါ် အမြတ်ငွေ ရှာနိုင်မှု (ကျပ်)(Earning Per share) (ကျပ် ၅၀၀၀/- တန် ရှယ်ယာ) | ၉၁၇ | ၆၈၈ | ၇၁၁ | ၇၅၂ | ၃၀၅ |

## ROA, ROE& CTI Ratios





## အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု

၃၈။ အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်မှု (Shareholder's Equity)မှာ အောက်ပါအတိုင်း တိုးတက်လာပါသည်။

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၃၁. ၃. ၂၀၁၄ | ၃၁. ၃. ၂၀၁၅ | ၃၁. ၃. ၂၀၁၆ | ၃၁. ၃. ၂၀၁၇ | ၃၁. ၃. ၂၀၁၈ |
|---|---|---|---|---|---|---|
| (က) | ထည့်ဝင်ပြီး မတည်ငွေရင်း | ၁၈၂၇၀. ၈၈ | ၃၇၁၁၂. ၈၃ | ၄၉၈၆၉. ၇၆ | ၅၂၀၀၄. ၉၃ | ၅၂၀၀၄. ၉၃ |
| (ခ) | ဥပဒေပြဋ္ဌာန်းသီးသန့်ရန်ပုံငွေ | ၂၀၄၃. ၄၈ | ၂၉၉၁. ၂၃ | ၄၃၂၂. ၈၅ | ၅၇၈၈. ၆၆ | ၆၅၈၁. ၅၀ |
| (ဂ) | ချေးငွေအတွက် ရန်ပုံငွေ | ၁၂၁၆. ၉၇ | ၁၇၄၂. ၃၄ | ၂၃၀၅. ၅၂ | ၃၃၁၆. ၇၆ | ၃၇၇၈. ၉၆ |
| (ဃ) | အရေးပေါ် ရန်ပုံငွေ | ၂ | ၅ | ၁၀ | ၁၂ | |
| (င) | ရှယ်ယာအပိုကြေး | ၁၁၃. ၃၃ | ၂၈၈၅. ၉၂ | ၄၇၉၉. ၄၆ | ၅၁၁၉. ၇၃ | ၅၁၁၉. ၇၃ |
| (စ) | မခွဲဝေသောအမြတ် | ၆၂. ၆၄ | ၈၆. ၈၀ | ၈၄. ၁၂ | ၃၃၂. ၃၁ | ၂၂၁၀. ၂၄ |
| | | ၂၁၇၀၉. ၃၀ | ၄၄၈၂၄. ၁၂ | ၆၁၅၆၉. ၇၁ | ၆၆၅၇၄. ၃၉ | ၆၉၆၉၆. ၃၆ |

### အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု(Shareholder's Equity)



## လက်ရှိရှယ်ယာပိုင်ဆိုင်မှုအခြေအနေ

**General Public**


1,867 Shareholders

**Entrepreneurs**


CDSG Capital Diamond Star Group · GBS · Shwe Mè Logistics · NEW GOLDEN GATE (1991) CO., LTD. EXPORT & IMPORT · Ahtar Oo Co.,Ltd · Z&A

**Government**


MINISTRY OF COMMERCE
THE REPUBLIC OF THE UNION OF MYANMAR





## မတည်ရင်းနှီးငွေ လုံလောက်မှုအချိုး





Tier 1 CAR
**24.43%**




Regulatory CAR
**25.68%**




Liquid Asset Ratio
**33%**




NPL
**4.5%**

## အကျိုးအမြတ်ခွဲဝေလျာထားခြင်း

၃၉။ မြန်မာနိုင်ငံသားများဘဏ် လီမိတက်သည် Yangon Stock Exchange Centre (YSX) တွင် ဘဏ်များ-အနေဖြင့် ပထမဆုံးအဖြစ်လည်းကောင်း၊ အများပိုင်ကုမ္ပဏီများအနေဖြင့် တတိယအကြိမ်မြောက် ကုမ္ပဏီအဖြစ်လည်းကောင်း စာရင်းဝင်ခဲ့ပါသည်။ စာရင်းဝင်ကုမ္ပဏီ ဖြစ်သည်နှင့်အညီ မိမိတို့၏ အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစု Income Gain အပြင်၊ Capital Gain အနေဖြင့် အစုရှယ်ယာ ရောင်းချခြင်းဖြင့် အမြတ်ငွေများကိုပါ ရရှိနေပြီဖြစ်ပါသည်။ Capital Gain ပိုမိုရရှိနိုင်ရေးအတွက် အမြတ်ဝေစုကို ဦးစားပေးခွဲဝေနေသော စနစ်မှ အမြတ်ဝေစုကို ဦးစားပေး ခွဲဝေခြင်းမပြုဘဲ၊ ဘဏ်ကို ပိုမိုဖွံ့ဖြိုး တိုးတက်အောင် အမြတ်ငွေများ ပြန်လည်ရင်းနှီး၍ အစုရှယ်ယာတန်ဘိုး ပိုမိုတိုးတက် မြင့်တင်သော စနစ်သို့ အဆင့်ဆင့်ပြောင်းလဲ ဆောင်ရွက်လျှက်ရှိပါသည်။

## ဘဏ်စာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်း

၄၀။ ဤဘဏ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စာရင်းနှင့်လုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အချိန်နှင့်တပြေးညီ စစ်ဆေးကြီးကြပ်လျက်ရှိပြီး Win Thin & Associates မှလည်း ၂၀၁၇-၂၀၁၈ စာရင်းကို စစ်ဆေးပြီးဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းရှင်းတမ်းအား ပူးတွဲတင်ပြထားပါသည်။

၄၁။ ထို့အပြင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ (၄၉) အရ အစု ရှယ်ယာရှင်များမှ ခန့်အပ် သည့် အဖွဲ့ဝင်(၃)ဦးပါဝင်သော စာရင်းစစ်ကော်မတီသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရေးနှစ်အတွင်း လုပ်ငန်းစိစစ်မှုအစည်းအဝေး (၄)ကြိမ် ပြုလုပ်ခဲ့ပြီး၊ ဘဏ်၏အပ်ငွေအခြေအနေ၊ ချေးငွေလုပ်ငန်း၊ စာရင်းလုပ်ငန်း၊စီမံခန့်ခွဲရေးလုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍လည်းကောင်းစိစစ်ပါသည်။ ငွေကြေးဌာနအတွင်းရှိ ငွေသားလက်ကျန်များကို စစ်ဆေးပေးခြင်း၊ ချေးငွေအတွက် ပေးအပ်ထားသည့် အာမခံစာချုပ်စာတမ်းများ စစ်ဆေးခြင်းပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် အပ်ငွေ၊ ချေးငွေကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း အကြံဉာဏ်များပေး၍ ပံ့ပိုးပေးခဲ့ပါသည်။

၄၂။ ဘဏ်တွင်းစာရင်းစစ် Internal Audit ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်အရ စာရင်းစစ်ကော်မတီမှ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ဘဏ်၏ နေ့စဉ်စာရင်းလုပ်ငန်းများ၊ ချေးငွေလုပ်ငန်းများ၊ စီမံရေးရာလုပ်ငန်းများကို စဉ်ဆက်မပြတ် Continuous Audit စစ်ဆေးလျက်ရှိပြီး လချုပ်စစ်ဆေးခြင်း၊ ဘဏ္ဍာတိုက်ခန်းရှိ ငွေသားလက်ကျန်ကို အခါအားလျော်စွာနှင့် လစဉ်ရှောင်တခင်စစ်ဆေးခြင်း၊ နေ့စဉ်ငွေသားလက်ကျန်ကို ကြီးကြပ်စစ်ဆေးခြင်းနှင့် ဘဏ်ခွဲများအား စစ်ဆေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

## ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဖြစ်ပေါ်မှုများ

၄၃။ မြန်မာနိုင်ငံသားများဘဏ် လီမိတက်သည် Yangon Stock Exchange Centre (YSX) တွင် ဘဏ်များအနေဖြင့် ပထမဆုံး အဖြစ်လည်းကောင်း၊ အများပိုင်ကုမ္ပဏီများအနေဖြင့် တတိယအကြိမ်မြောက် ကုမ္ပဏီအဖြစ် လည်းကောင်း စာရင်းဝင်ခဲ့ပါသည်။ စာရင်းဝင် ကုမ္ပဏီ ဖြစ်သည်နှင့်အညီ မိမိတို့၏ အစု ရှယ်ယာရှင်များ အနေဖြင့် အမြတ်ဝေစု Income Gain အပြင်၊ Capital Gain အနေဖြင့် အစုရှယ်ယာ ရောင်းချခြင်းဖြင့် အမြတ်ငွေများကိုပါ ရရှိနေပြီဖြစ်ပါသည်။ Capital Gain ပိုမိုရရှိနိုင်ရေးအတွက် အမြတ်ဝေစုကို ဦးစားပေးခွဲဝေနေသောစနစ်မှ အမြတ်ဝေစုကို ဦးစားပေး ခွဲဝေခြင်းမပြုဘဲ၊ ဘဏ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အမြတ်ငွေများ ပြန်လည်ရင်းနှီး၍ အစုရှယ်ယာတန်ဘိုး ပိုမိုတိုးတက် မြှင့်တင်သော စနစ်သို့ အဆင့်ဆင့် ပြောင်းလဲဆောင်ရွက်လျှက်ရှိပါသည်။

၄၄။ မိမိတို့ဘဏ်အား အခြားဘဏ်များနှင့် ယှဉ်ပြိုင်လုပ်ဆောင်နိုင်ရန် အတွက်လည်းကောင်း၊ နိုင်ငံတကာဘဏ်များနှင့် ယှဉ်ပြိုင်လုပ်ဆောင်နိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတကာဘဏ်များနှင့်ဆက်ဆံရာတွင် ပိုမိုလက်ခံအဆင်ပြေစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ လူ့စွမ်းအားအရင်းအမြစ် HR ကဏ္ဍနှင့် IT ကဲ့သို့သော အဆင့်မြင့် နည်းပညာကဏ္ဍများတွင်လိုအပ်နေသည့် နိုင်ငံခြားသားအကြံပေးများ၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ငှားရမ်းခန့်အပ် ဆောင်ရွက်လျှက် ရှိပါသည်။ ယခင်ဘဏ္ဍာနှစ်များတွင် ဘဏ်ကို အဆင့်မြှင့်တင်လိုသူ ရှယ်ယာရှင်ကြီးများမှ ရှယ်ယာရှင် အငယ်များကို ဦးစားပေး အမြတ်ဝေစု ခွဲဝေပေးပြီး ပိုငွေကိုသာ အမြတ်ဝေစုရယူခဲ့သော်လည်း မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ရန်ကုန် စတော့အိတ်ချိန်းတွင် Listed Company တစ်ခုဖြစ်လာ၍ အစုရှယ်ယာများသည် ဈေးကွက်တွင် ဝင်ရောက် ရောင်းဝယ်နိုင်ရန် ဈေးကွက်ဝင် ရှယ်ယာများအဖြစ် ပြောင်းလဲသွားသည့်အတွက် ယခင်နှစ်များကဲ့သို့ အမြတ်ဝေစုကို အချိုး (၂) မျိုးဖြင့် ခွဲဝေမှုမပြုဘဲ တပြေးညီအချိုး တစ်မျိုးတည်းသာ ခွဲဝေပေးရခြင်း၊ မြန်မာနိုင်ငံသားများဘဏ်ကို နိုင်ငံတကာဘဏ်များနှင့် ယှဉ်ပြိုင် ဆောင်ရွက်နိုင်ရန် နိုင်ငံခြားမှ ဘဏ်လုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ငှားရမ်း၍ ဘဏ်ဖွဲ့စည်းတည်ဆောက်ပုံများ ပြောင်းလဲခြင်းတို့အတွက် အသုံးစရိတ်များ ပိုမိုသုံးစွဲရခြင်း စသည်တို့ကြောင့် အမြတ်ခွဲဝေပေးမှုမှာ ယခင်နှစ်များထက် လျော့နည်းရခြင်း ဖြစ်ပါသည်။

# ရှေ့လုပ်ငန်းစဉ်များ

၄၅။ မြန်မာနိုင်ငံသားများဘဏ်လီမိတက် အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

(က) မြန်မာနိုင်ငံရှိ ဘဏ်များအနက် ပထမဆုံး အများပိုင်ကုမ္ပဏီ Listed Bank ဖြစ်သည် နှင့်အညီ Customer များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း၊ ဘဏ်ဝန်ထမ်း များနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ အကျိုးစီးပွားကို ရှေးရှု၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို တိုးချဲ့မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးဆိုင်ရာ ကဏ္ဍတွင် ပါဝင်ကူညီ လုပ်ဆောင်လျှက် ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဒါရိုက်တာများနှင့် စီမံအုပ်ချုပ်မှုအဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံသားများဘဏ်၏ အနာဂတ် စီမံချက်များနှင့် (၃)နှစ်စာ ရှေ့လုပ်ငန်းစဉ် အသေးစိတ်ကို ရေးဆွဲပြုစု ချမှတ်ထားပြီးဖြစ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) မြန်မာနိုင်ငံသားများဘဏ်၏ တိုးတက်အောင်မြင်မှုအတွက် International Accounting Standard များလိုအပ်သောကြောင့် IFRS များကို External Consultants နှင့် ဆွေးနွေးတိုင်ပင်ပြီး စတင်အသုံးချရန်။

(ဂ) မြန်မာနိုင်ငံသားများဘဏ် အနေဖြင့် ရေရှည်တွင် စဉ်ဆက်မပြတ်ခိုင်မာ တိုးတက် အောင်မြင်မှုရရှိစေရန် အဓိက လုပ်ငန်းစဉ်များဖြစ်သော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး၊ ဘဏ်လုပ်ငန်းစဉ်များ မြန်ဆန်ရေး၊ ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ ရေးဆွဲဖော်ဆောင်ရေးနှင့်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် IT နည်းပညာစနစ်များ ထူထောင်ခြင်းတို့ကို ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်များနှင့်အညီ လုပ်ဆောင်နေဆဲ လုပ်ငန်းများမှာ Core Banking တည်ဆောက်ခြင်း၊ Primary နှင့် Recovery Data Center များ တည်ဆောက်ခြင်း၊ ပြည်တွင်း ပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်များ ဘဏ်တွင် ခန့်ထားခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ Process Reengineering လုပ်ငန်းစဉ်များ၊ ဘဏ်အမှတ်တံဆိပ် ပြန်လည် တည်ဆောက်ခြင်း Rebranding နှင့် Marketing လုပ်ငန်းများ၊ လုပ်ခလစာနှင့်ခံစားခွင့်များကို ပြန်လည် ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်လုပ်ဆောင်သွားရန်။



(ဃ) ဘဏ်စနစ်နှင့် အလှမ်းဝေးသော ကျေးလက်နေပြည်သူများ ဘဏ်လုပ်ငန်းပိုင်း ဆိုင်ရာ ကိစ္စရပ်များနှင့် ငွေပေးချေမှု လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုရန်အတွက် ICT နည်းပညာ အသုံးပြု၍ မိုဘိုင်းဖုန်းဖြင့် ငွေပေးချေမှု လုပ်ငန်းဖြစ်သော Digital Banking စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(င) ၂၀၁၈ - ၂၀၁၉ နှင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ဘဏ်ခွဲပေါင်း (၇၅ မှ ၁၀၀ ကြား) ဖွင့်လှစ်၍ ဘဏ်၏ကွန်ယက်ကို တိုးချဲ့တည်ဆောက်ရန်။

(စ) ဘဏ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို အများပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြုနိုင်ရန် Consumer Banking လုပ်ငန်းများဖြစ်သော Debit Card, Credit Card, Prepaid Card များအပြင် Mobile Banking, Internet Banking, Mobile Wallet အစရှိသော လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန်။

(ဆ) ဆောင်ရွက်လျက်ရှိသည့် Visa Card, Master Card, UPI, JCB, MPU Acquiring & Issuing လုပ်ငန်းများကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက် လုပ်ကိုင်နိုင်ရန် ပြန်လည် သုံးသပ်မှုပြုလုပ်ရန်။
ဘဏ်လုပ်ငန်းများပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် အပ်ငွေပမာဏ တိုးပွားအောင် ဆောင်ရွက်ရန်။

(ဇ) ခိုင်မာမှန်ကန်မှုရှိသော ချေးငွေများ ထုတ်ချေးနိုင်ရန် ဆုံးရှုံးနိုင်ချေ အကဲဖြတ်စနစ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ နည်းစနစ်များ စနစ်

(ဈ) တကျ ရေးဆွဲထားရှိပြီး လိုက်နာဆောင်ရွက်ရန်။
နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုစေရန်အတွက် တိုင်းရင်းသား စီးပွားရေး

(ည) လုပ်ငန်းရှင်များအား ဘဏ္ဍာရေး အထောက်အကူပြုသည့် အနေဖြင့် စက်မှု/စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းနှင့် အထွေထွေစသည့် ကဏ္ဍကြီး (၇) ရပ်တွင် နှစ်တိုချေးငွေများကို နှစ်စဉ် တိုးချဲ့ဆောင်ရွက်ရန်။

(ဋ) JICA ၏ပံ့ပိုးမှုဖြစ်သော Two Steps Loan Phase II အစီအစဉ်ဖြင့် SME လုပ်ငန်းရှင်များသို့ ချေးငွေများ ထုတ်ချေး၍ စွန့်ဦးတီထွင်လုပ်ငန်းငယ်များ တိုးတက်ဖွံ့ဖြိုးရေး ကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန်။

(ဌ) လယ်ယာသုံးပစ္စည်းနှင့် အခြားသော လူသုံးကုန်ပစ္စည်းများအား အငှားဝယ်စနစ်ဖြင့် ရောင်းချပေးရေး လုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်။

(ဍ) စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ဘဏ်ဝန်ဆောင်မှုများ ရေးဆွဲဖော်ထုတ် Corporate Banking ပါ စနစ်ကို ပိုမိုတိုးချဲ့ဆောင်ရွက်ရန်။

(ဎ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဆောင်ရွက်နေသော E-Payment စနစ်အပြင် Fully Online Licensing System ဖြင့်ပို့ကုန်/သွင်းကုန် လုပ်ငန်းများအတွက် ပိုမိုတိုးချဲ့ဆောင်ရွက်ပေးရန်။

(ဏ) ပြည်ပပို့ကုန်/သွင်းကုန် လုပ်ငန်းများအတွက် LC/TT လုပ်ငန်းများ၊ Bank Guarantee လုပ်ငန်းများ၊ Foreign Exchange လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း ဖြင့် မြန်မာနိုင်ငံသားများဘဏ်၏ Trade Financing လုပ်ငန်းများ ပိုမိုတိုးတက် ဖွံ့ဖြိုးလာစေရန်။

(တ) International Money Transfer Agency နှင့်ပူးပေါင်း၍ နိုင်ငံခြားရောက် အလုပ်သမားများအတွက် ငွေပြန်လည် ပေးပို့နိုင်ရေး အစရှိသော International Banking လုပ်ငန်းများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်။

(ထ) ဘဏ်၏ Customers များနှင့် Clients များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အတွက် အခြားသော ငွေကြေး အဖွဲ့အစည်းများ၊ နိုင်ငံခြားဘဏ်များနှင့် အကျိုးတူ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်။

(ဒ) Customers များ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင် မှုများ (ဥပမာအားဖြင့် ပုဂ္ဂလိက ကုမ္ပဏီ ဝန်ထမ်းလစာ ပေးချေမှု ကဲ့သို့သော ဝန်ဆောင်မှုများ) အား တိုးချဲ့ဆောင်ရွက်သွားရန်။

# နိဂုံး

၄၆။ လုပ်ငန်းကဏ္ဍအလိုက် သိသိသာသာ တိုးတက် အောင်မြင်ခဲ့ခြင်းမှာ သက်ဆိုင်ရာ ဝန်ကြီး ဌာနများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်အောင် ကြိုးစား ဆောင်ရွက်နိုင်ခြင်းများကြောင့် လည်းကောင်း၊ အစုရှယ်ယာရှင်များ၊ ဘဏ်နှင့် ဆက်သွယ် ဆောင်ရွက်ကြသည့် ဃကျအသာနမ များ၏ ယုံကြည်မှုနှင့် အားပေးမှုကြောင့်လည်းကောင်း၊ ပြည်တွင်းညီနောင် ဘဏ်များ၏ ကူညီပံ့ပိုးမှုနှင့် ဘဏ်ဝန်ထမ်းများ၏ တာဝန်သိသိ၊ သစ္စာရှိရှိ၊ စေတနာရှိရှိ တာဝန်ထမ်းဆောင် ခဲ့ခြင်းများကြောင့် လည်းကောင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဘဏ်၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ်၏သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြ ပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများအတွက်လည်း ဒါရိုက်တာအဖွဲ့မှ အထူး ပင် ကျေးဇူးတင်ရှိအပ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**



မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
## ဒါရိုက်တာများ၏ တင်ပြချက်

ကျွန်ုပ်တို့ဒါရိုက်တာများ၏ ရေးသားတင်ပြချက်များအား ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ နှင့်အတူ အစုဝင်များသို့တင်ပြပါသည်။

### ဒါရိုတ်တာများ၏ ထင်မြင်ယူဆချက်

ဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိဘဏ်၏ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ဝင်ငွေရှင်းတမ်း၊ အစုရှင်များ၏ပိုင်ဆိုင်ခွင့်ပြောင်းလဲမှုရှင်းတမ်းနှင့် ငွေသားစီးဆင်းမှုရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲထားပါသည်။ ဘဏ်သည်ပေးရန်ရှိသော အကြွေးများကို အချိန်စေ့ရောက်သောအခါ ပေးနိုင်သည်ဟုယုံကြည်နိုင်လောက်သောအခြေအနေရှိပါသည်။

### ဒါရိုက်တာများ

ဘဏ်၏နာယကမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဖြစ်ပြီး ယခုတင်ပြချိန်၌ရှိသော ဘဏ်၏ဒါရိုက်တာများ မှာအောက်ပါအတိုင်း ဖြစ်ပါသည်။

| အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးတိုးအောင်မြင့် | ဥက္ကဌ |
| ၂။ | ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး | ဒါရိုက်တာ |
| ၃။ | ဦးလှဦး | ဒါရိုက်တာ |
| ၄။ | ဦးထွန်းလွင် | ဒါရိုက်တာ |
| ၅။ | ဦးအုန်းဆိုင် | ဒါရိုက်တာ |
| ၆။ | ဦးလှမော်ဦး | ဒါရိုက်တာ |
| ၇။ | ဒေါ်မိုးမိုး | ဒါရိုက်တာ |
| ၈။ | ဒေါ်အေးစန္ဒာလွင် | ဒါရိုက်တာ |
| ၉။ | ဦးအောင်အောင် | ဒါရိုက်တာ |
| ၁၀။ | ဦးဇေယျာသူရမွန် | ဒါရိုက်တာ |
| ၁၁။ | ဦးအေးသော် | လွတ်လပ်သောဒါရိုတ်တာ |

ဒါရိုက်တာအဖွဲ့ဝင်များမှ ဒေါက်တာသောင်းဟန်အား ဘဏ်၏ အမှုဆောင်အရာရှိချုပ် အဖြစ် ခန့်အပ်ထားပါသည်။

### ဒါရိုက်တာများမှ အစုရှယ်ယာများနှင့် ငွေချေးစာချုပ်များအား ဝယ်ယူနိုင်သည့် အစီအစဉ်

နှစ်အတွင်းတွင်ဖြစ်စေ နှစ်ကုန်သည့်အချိန်တွင်ဖြစ်စေ **ဘဏ်၏ဒါရိုက်တာများမှ ဘဏ်(သို့) ဘဏ်၏မိတ်ဖက်အဖွဲ့အစည်းများ၏**အစုရှယ်ယာများ၊ ငွေချေးစာချုပ်များအား **ဝယ်ယူခြင်းဖြင့် အကျိုးဖြစ်ထွန်းစေရန် စီစဉ်ဆောင်ရွက်မှုများ** တွင်ပါဝင်ပတ်သက်ခြင်း မရှိပါ။



Myanmar Citizens Bank: No. 256 / 260, Sule Pagoda Road, Kyauktada Township, Yangon, Myanmar.

**ရွေးပိုင်ခွင့်ရှိသောအစုရှယ်ယာများ**

ဘဏ်၏မထုတ်ဝေရသေးသော **ရှယ်ယာများအား ဘဏ္ဍာရေးနှစ်အတွင်း** Subscribe ပြုလုပ်ရန်အတွက် ရွေးပိုင်ခွင့်ပြုထားခြင်းမရှိပါ။

ဘဏ်၏မထုတ်ဝေရသေးသောရှယ်ယာများကို option နည်းလမ်းများဖြင့် ဝယ်ယူရန်အတွက် ဘဏ္ဍာရေးနှစ်အတွင်း မည်သည့်ရှယ်ယာမှ ထုတ်ဝေထားခြင်းမရှိပါ။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန် ဘဏ်မှ option အနေဖြင့် မထုတ်ဝေရသေးသော အစုရှယ်ယာ မရှိပါ။

**ပြင်ပ စာရင်းစစ်**

ဝင်းသင်နှင့် စာရင်းစစ်များအဖွဲ့မှ ပြင်ပစာရင်းစစ် အဖြစ်ထပ်မံလက်ခံရန် ဆန္ဒရှိပါသည်။

ဒါရိုက်တာများကိုယ်စား

| | | | |
|---|---|---|---|
| ဒေါက်တာသောင်းဟန် | ဒေါ်ဆွေဆွေမြင့် | ဦးအောင်အောင် | ဦးထွန်းလွင် |
| (အမှုဆောင်အရာရှိချုပ်) | (ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ) | (ဒါရိုက်တာ) | (ဒါရိုက်တာ) |

စာအမှတ် - ၂၉၆/အမ်-၂၄၉/ မတ်လ ၂၀၁၈

## ပြင်ပစာရင်းစစ် အစီရင်ခံစာ

**မြန်မာနိုင်ငံသားများဘဏ်လီမိတက် ၏ အစုရှယ်ယာဝင်များသို့**

**ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် "မြန်မာနိုင်ငံသားများဘဏ်လီမိတက်" ၏ ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများ ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်သူများ၏တာဝန်**

၎င်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards – MFRS) များကိုအခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်တွင်မသမာမှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှား ဖော်ပြမှုများမှကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲ ဖော်ပြရန်နှင့် စပ်လျဉ်းသောလုပ်ငန်းတွင်းထိန်းချုပ်မှု အစီအစဉ်ကို ရေးဆွဲခြင်း၊ အကောင်အထည် ဖော်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ သင့်လျော်သောစာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်ကျင့်သုံးခြင်းနှင့် အခြေအနေအရ ဆီလျော်သော စာရင်းဆိုင်ရာခန့်မှန်းချက်များကို ပြုလုပ်ခြင်း တို့လည်း ပါဝင်ပါသည်။

**စာရင်းစစ်၏တာဝန်**

ကျွန်တော်များအဖွဲ့၏တာဝန်မှာ ကျွန်တော်များ၏ စာရင်းစစ်ဆေးချက်ကို အခြေပြု၍ ယင်းဘဏ္ဍာရေး ရှင်းတမ်းများ အပေါ် ထင်မြင်ယူဆချက်ပေးရန်ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များအဖွဲ့အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်း ဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့်ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသော အချက်များအား မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်သေချာမှုရှိစေရန် အစီအစဉ်များရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။ စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များ နှင့် ကျသင့်ငွေ/တန်ဖိုးများ အတွက်စာရင်းစစ်အထောက်အထားများရယူရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် ပါဝင်ပါသည်။ ရွေးချယ်ထားသော လုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသောမှားယွင်းချက်၏ အန္တရာယ်များကို အကဲဖြတ်ခြင်းများ အပါအဝင် စာရင်းစစ်၏ ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းအပေါ် တွင် မူတည်ပါသည်။

ထိုအန္တရာယ်များအား အကဲဖြတ်မှုများ ပြုလုပ်ရာတွင်စာရင်းစစ်သည်အခြေအနေနှင့်ဆီလျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကိုရေးဆွဲရန်အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲမှုနှင့်သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်အလို့ငှာ သက်ဆိုင်သောဌာနတွင်းကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း ၎င်းအဖွဲ့၏ဌာနတွင်းကြီးကြပ်ကွပ်ကဲမှု ထိရောက်မှုအပေါ်တွင် ထင်မြင်ယူဆချက်ပေးရန် မရည်ရွယ်ပါ။ စာရင်းစစ်ဆေးရာတွင် စီမံခန့်ခွဲသူများက အသုံးပြုခဲ့သော စာရင်းကိုင်မူများ၏ ဆီလျော်မှုနှင့် ပြုလုပ်ခဲ့သောစာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကို သုံးသပ်ခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ တင်ပြချက်အားလုံးအပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။

ကျွန်တော်များရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန်အတွက် လုံလောက်သင့်လျော်သော အခြေခံအကြောင်းအရင်း ဖြစ်ကြောင်းယုံကြည်ပါသည်။

**ထင်မြင်ယူဆချက်**

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဌာန်းချက်များ၊ မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards-MFRS)များကိုအခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားဘဏ်လီမိတက်၏ ၂၀၁၈ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ယင်းနေ့ကုန်ဆုံးသော နှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့်အရေးပါသောအချက်များအားလုံးကို သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း ကျွန်တော်များ ထင်မြင်ယူဆပါသည်။

**အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များအဖွဲ့မှ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဌာန်းချက်များနှင့်အညီ

(၁) လိုအပ်သောသတင်းအချက် အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၃၀ နှင့် အညီစာရင်းစာအုပ်များကို ထိန်းသိမ်းထား ရှိကြောင်း အစီရင်ခံအပ်ပါသည်

ထို့ပြင် မြန်မာနိုင်ငံ ငွေရေးကြေးရေး ဥပဒေပုဒ်မ ၈၉ အရ၊ စီမံခန့်ခွဲသူများသို့ပေးပို့သော အစီရင်ခံစာပါ ကိစ္စရပ်များမှလွဲ၍ဘဏ္ဍာရေးရှင်းတမ်းများသည် ပြည့်စုံလုံလောက်စွာနှင့် သင့်တင့်လျောက်ပတ်စွာ ရေးဆွဲထားပြီးဘဏ်၏ အရာထမ်းအမှုထမ်းများထံမှ ရရှိသောသတင်း အချက်အလက်များသည်လည်း ကျေနပ်ဖွယ်ရာဖြစ်သည်ဟု ကျွန်ုပ်တို့ ထင်မြင်ယူဆပါသည်။

**အခြားအကြောင်းအရာများ**

၂၀၁၇ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးရှင်းတမ်းများအား အခြားစာရင်းစစ်မှ စစ်ဆေးထားခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇွန်လ (၉) ရက်နေ့တွင် ခြွင်းချက်မပါသော စာရင်းစစ်အစီရင်ခံစာ အားထုတ်ပြန်ခဲ့ပါသည်။

မိုးကျော် (ပီအေ - ၃၁၃)
မန်းနေဂျင်းပါတနာ
ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။

နေ့စွဲ။ ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၄)ရက်။

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ
ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| | မှတ်စု | ၂၀၁၈<br>မြန်မာကျပ် | ၂၀၁၇<br>မြန်မာကျပ် |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၄၆,၀၈၅,၂၄၈,၉၅၂ | ၂၆,၂၁၄,၂၉၇,၂၉၈ |
| ချေးငွေလက်ကျန် | ၇ | ၁၈၈,၂၅၂,၅၄၈,၁၈၈ | ၁၅၉,၇၁၈,၀၀၉,၀၀၈ |
| ရင်းနှီးမြုပ်နှံမှုများ | ၈ | ၅၇,၅၁၀,၈၇၉,၄၁၂ | ၄၇,၄၉၁,၅၆၉,၆၀၆ |
| အခြားရပိုင်ခွင့်များ | ၉ | ၅,၁၈၆,၃၂၉,၄၄၃ | ၆,၂၄၁,၁၄၀,၂၉၀ |
| ပုံသေပိုင်ပစ္စည်း | ၁၀ | ၁၂,၉၄၇,၂၈၁,၂၉၈ | ၁၀,၂၆၁,၁၃၀,၀၈၅ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း | ၁၁ | ၁၆၇,၆၇၂,၈၇၂ | ၁၁၅,၇၆၀,၃၈၄ |
| **စုစုပေါင်းရရန်ပိုင်ခွင့်များ** | | ၃၁၀,၁၄၉,၉၆၀,၁၆၅ | ၂၅၀,၀၄၁,၉၀၆,၆၇၁ |
| **ပေးရန်တာဝန်များ** | | | |
| အပ်ငွေများ | ၁၂ | ၂၂၀,၁၅၃,၃၀၃,၁၇၅ | ၁၆၃,၉၆၉,၉၆၉,၆၀၈ |
| အခြားပေးရန်တာဝန်များ | ၁၃ | ၂၀,၃၀၀,၂၉၁,၀၇၅ | ၁၉,၆၁၇,၅၄၄,၉၃၂ |
| **စုစုပေါင်းပေးရန်တာဝန်များ** | | ၂၄၀,၄၅၃,၅၉၄,၂၅၀ | ၁၈၃,၅၈၇,၅၁၄,၅၄၀ |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၄ | ၅၂,၀၀၄,၉၃၀,၀၀၀ | ၅၂,၀၀၄,၉၃၀,၀၀၀ |
| အစုရှယ်ယာအပိုကြေး | | ၅,၁၁၉,၇၃၂,၈၀၀ | ၅,၁၁၉,၇၃၂,၈၀၀ |
| ရန်ပုံငွေများ | ၁၅ | ၁၀,၃၆၀,၄၆၄,၃၂၂ | ၈,၉၉၇,၄၁၉,၂၇၈ |
| အမြတ်လက်ကျန် | | ၂,၂၁၁,၂၃၈,၇၉၃ | ၃၃၂,၃၁၀,၀၅၃ |
| **စုစုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်** | | ၆၉,၆၉၆,၃၆၅,၉၁၅ | ၆၆,၄၅၄,၃၉၂,၁၃၁ |
| **စုစုပေါင်း အစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ** | | ၃၁၀,၁၄၉,၉၆၀,၁၆၅ | ၂၅၀,၀၄၁,၉၀၆,၆၇၁ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကိုကြည့်ပါ။*

**ဒါရိုက်တာများမှ အတည်ပြုချက်**

| | | | |
|---|---|---|---|
| ဒေါက်တာသောင်းဟန် | ဒေါ်ဆွေဆွေမြင့် | ဦးအောင်အောင် | ဦးထွန်းလွင် |
| (အမှုဆောင်အရာရှိချုပ်) | **(ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ)** | (ဒါရိုက်တာ) | (ဒါရိုက်တာ) |

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသော နှစ်အတွက်
## ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

| | မှတ်စု | ၂၀၁၈<br>မြန်မာကျပ် | ၂၀၁၇<br>မြန်မာကျပ် |
|---|---|---|---|
| အတိုးဝင်ငွေများ | ၁၆ | ၂၃,၁၄၄,၅၈၉,၁၈၅ | ၂၀,၉၈၀,၃၀၂,၀၄၇ |
| အတိုးစရိတ်များ | ၁၇ | (၁၃,၉၃၃,၄၁၂,၂၄၅) | (၁၁,၅၃၈,၅၉၂,၇၃၉) |
| **အသားတင် အတိုးဝင်ငွေများ** | | ၉,၂၁၁,၁၇၆,၉၄၀ | ၉,၄၄၁,၇၀၉,၃၀၈ |
| အသားတင် ကော်မရှင်ဝင်ငွေနှင့်အခကြေးငွေများ | ၁၈ | ၃,၅၄၁,၆၀၀,၅၅၉ | ၃,၃၉၁,၈၉၂,၄၆၇ |
| အခြားဝင်ငွေ | ၁၉ | ၄၂၅,၅၂၃,၃၅၁ | ၁,၀၂၄,၀၉၅,၀၂၂ |
| **စုစုပေါင်းဝင်ငွေ** | | ၁၃,၁၇၈,၃၀၀,၈၅၀ | ၁၃,၈၅၇,၆၉၆,၇၉၇ |
| | | | |
| ဝန်ထမ်းရေးရာစရိတ်များ | ၂၀ | (၅,၅၆၇,၈၇၉,၈၁၀) | (၄,၆၀၁,၇၅၃,၅၀၇) |
| စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ်များ | ၂၁ | (၂,၉၂၄,၃၃၀,၀၈၉) | (၉၀၂,၄၃၀,၄၂၉) |
| တန်ဖိုးလျော့စရိတ်များ | | (၇၂၇,၉၉၃,၀၆၉) | (၅၃၅,၈၇၃,၉၈၇) |
| **အခွန်မလျာထားမီအသားတင်အမြတ်** | | ၃,၉၅၈,၀၉၇,၈၈၂ | ၇,၈၁၇,၆၃၈,၈၇၄ |
| ဝင်ငွေခွန် | ၂၂ | (၇၈၆,၇၂၈,၁၀၇) | (၁,၉၈၄,၅၃၇,၇၈၇) |
| **အခွန်လျာထားပြီးအသားတင်အမြတ်** | | ၃,၁၇၁,၃၆၉,၇၇၅ | ၅,၈၃၃,၁၀၁,၀၈၇ |
| နှစ်အတွင်းအခြားသောဝင်ငွေအလုံးစုံ | | - | - |
| **နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ** | | ၃,၁၇၁,၃၆၉,၇၇၅ | ၅,၈၃၃,၁၀၁,၀၈၇ |
| | | | |
| ရှယ်ယာတစ်စောင်၏အခြေခံရငွေ | ၂၃ | ၃၀၅ | ၅၆၁ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကိုကြည့်ပါ။*

**ဒါရိုက်တာများမှ အတည်ပြုချက်**

| | | | |
|---|---|---|---|
| ဒေါက်တာသောင်းဟန်<br>(အမှုဆောင်အရာရှိချုပ်) | ဒေါ် ဆွေဆွေမြင့်<br>(ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ) | ဦးအောင်အောင်<br>(ဒါရိုက်တာ) | ဦးထွန်းလွင်<br>(ဒါရိုက်တာ) |

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
### ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
### အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

| | ထုတ်ဝေပေးသွင်းပြီး ရင်းနှီးငွေ မြန်မာကျပ် | အစုရှယ်ယာ အပိုကြေး မြန်မာကျပ် | ရန်ပုံငွေ မြန်မာကျပ် | အမြတ်လက်ကျန် မြန်မာကျပ် | စုစုပေါင်း မြန်မာကျပ် |
|---|---|---|---|---|---|
| စာရင်းဖွင့်လက်ကျန် (၁-၄-၂၀၁၇) | ၅၂,၀၀၄,၉၃၀,၀၀၀ | ၅,၁၁၉,၇၃၂,၈၀၀ | ၈,၉၉၇,၄၁၉,၂၇၈ | ၃၃၂,၃၁၀,၀၅၃ | ၆၆,၄၅၄,၃၉၂,၁၃၁ |
| အစုရှယ်ယာထုတ်ဝေခြင်း | – | – | – | – | – |
| စာရင်းညှိနှိုင်းချက် | – | – | – | ၇၀,၆၀၄,၀၀၉ | ၇၀,၆၀၄,၀၀၉ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | – | – | ၁,၃၆၃,၀၄၅,၀၄၄ | (၁,၃၆၃,၀၄၅,၀၄၄) | – |
| အမြတ်ဝေစု | – | – | – | – | – |
| နှစ်အတွင်းအမြတ် | – | – | – | ၃,၁၇၁,၃၆၉,၇၇၅ | ၃,၁၇၁,၃၆၉,၇၇၅ |
| စာရင်းပိတ်လက်ကျန် (၃၁-၃-၂၀၁၈) | ၅၂,၀၀၄,၉၃၀,၀၀၀ | ၅,၁၁၉,၇၃၂,၈၀၀ | ၁၀,၃၆၀,၄၆၄,၃၂၂ | ၂,၂၁၁,၂၃၈,၇၉၃ | ၆၉,၆၉၆,၃၆၅,၉၁၅ |
| | | | | | |
| စာရင်းဖွင့်လက်ကျန် (၁-၄-၂၀၁၆) | ၄၉,၈၆၉,၇၆၅,၀၀၀ | ၄,၇၉၉,၄၅၈,၀၅၀ | ၆,၇၁၃,၅၅၁,၃၇၆ | ၈၄,၀၁၆,၉၇၉ | ၆၁,၄၆၆,၇၉၁,၄၀၅ |
| အစုရှယ်ယာထုတ်ဝေခြင်း | ၂,၁၃၅,၁၆၅,၀၀၀ | ၃၂၀,၂၇၄,၇၅၀ | – | – | ၂,၄၅၅,၄၃၉,၇၅၀ |
| စာရင်းညှိနှိုင်းချက် | – | – | (၇၅,၁၈၂,၀၉၈) | (၁၀၅,၄၆၂,၂၁၃) | (၁၈၀,၆၄၄,၃၁၁) |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | – | – | ၂,၃၅၉,၀၅၀,၀၀၀ | (၂,၃၅၉,၀၅၀,၀၀၀) | – |
| အမြတ်ဝေစု | – | – | – | (၃,၁၂၀,၂၉၅,၈၀၀) | (၃,၁၂၀,၂၉၅,၈၀၀) |
| နှစ်အတွင်းအမြတ် | – | – | – | ၅,၈၃၃,၁၀၁,၀၈၇ | ၅,၈၃၃,၁၀၁,၀၈၇ |
| စာရင်းပိတ်လက်ကျန် (၃၁-၃-၂၀၁၇) | ၅၂,၀၀၄,၉၃၀,၀၀၀ | ၅,၁၁၉,၇၃၂,၈၀၀ | ၈,၉၉၇,၄၁၉,၂၇၈ | ၃၃၂,၃၁၀,၀၅၃ | ၆၆,၄၅၄,၃၉၂,၁၃၁ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကိုကြည့်ပါ။*

ဒါရိုက်တာများမှ အတည်ပြုချက်

| | | | |
|---|---|---|---|
| ဒေါက်တာသောင်းဟန် | ဒေါ်ဆွေဆွေမြင့် | ဦးအောင်အောင် | ဦးထွန်းလွင် |
| (အမှုဆောင်အရာရှိချုပ်) | (ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ) | (ဒါရိုက်တာ) | (ဒါရိုက်တာ) |

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
### ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသော နှစ်အတွက်
### ငွေသားစီးဆင်းမှုရှင်းတမ်း

| | မှတ်စု | ၂၀၁၈ ခုနှစ် (မြန်မာကျပ်) | ၂၀၁၇ ခုနှစ် (မြန်မာကျပ်) |
|---|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ** | | | |
| အခွန်နှုတ်ပြီးအသားတင်အမြတ် | | ၃,၁၇၁,၃၆၉,၇၇၅ | ၅,၈၃၃,၁၀၁,၀၈၇ |
| *စာရင်းညှိနှိုင်းချက်များ* | | | |
| တန်ဖိုးလျော့များ | | ၇၂၇,၉၉၃,၀၆၉ | ၅၃၅,၈၇၃,၉၈၇ |
| ပယ်ဖျက်စာရင်း | | - | ၁၁,၇၅၃ |
| အမြတ်ဝေစုဝင်ငွေ | | (၅၀,၀၀၀) | (၁၂၀,၀၀၀) |
| စာရင်းညှိနှိုင်းမှုများ | | ၇၀,၆၀၄,၀၀၉ | (၁၈၀,၆၄၄,၃၁၁) |
| **လက်ငင်းရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ပြောင်းလဲမှုမတိုင်ခင် လုပ်ငန်းအမြတ်** | | ၃,၉၆၉,၉၁၆,၈၅၃ | ၆,၁၈၈,၂၂၂,၅၁၆ |
| **လက်ငင်းရပိုင်ခွင့်နှင့်ပေးရန်တာဝန် အတိုး / အလျော့** | | | |
| ချေးငွေလက်ကျန် | | (၂၈,၅၃၄,၅၃၉,၁၈၀) | (၄၄,၄၄၂,၁၆၀,၃၉၇) |
| အခြားရပိုင်ခွင့်များ | | ၁,၆၄၅,၀၅၂,၇၇၈ | ၃,၂၅၀,၄၇၅,၉၅၄ |
| အပ်ငွေစာရင်း | | ၅၆,၁၈၃,၃၃၃,၅၆၇ | ၁၉,၅၉၉,၇၀၆,၀၁၀ |
| အခြားပေးရန်တာဝန်များ | | ၃,၈၁၂,၅၄၅,၅၈၀ | ၃,၂၂၅,၄၉၇,၃၇၈ |
| **လုပ်ငန်းဆောင်ရွက်ချက်များအရငွေသားစီးဝင်မှု/(အသုံးပြုမှု)** | | ၃၇,၀၇၆,၃၀၉,၅၉၈ | (၁၂,၁၇၈,၂၅၈,၅၃၉) |
| ဝင်ငွေခွန်ပေးဆောင်မှု | | (၅၉၀,၂၄၁,၉၃၁) | (၁,၉၇၀,၀၀၀,၀၀၀) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)** | | ၃၆,၄၈၆,၀၆၇,၆၆၇ | (၁၄,၁၄၈,၂၅၈,၅၃၉) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားစီးဆင်းမှုများ** | | | |
| ငွေတိုက်စာချုပ် နှင့်အခြားရင်းနှီးမြှုပ်နှံမှုများ (ဝယ်ယူမှု)/ ရောင်းချမှု | | (၁၀,၀၁၉,၃၀၉,၈၀၆) | ၃,၃၆၀,၂၂၃,၈၈၆ |
| အမြတ်ဝေစုရငွေ | | ၅၀,၀၀၀ | ၁၂၀,၀၀၀ |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | | (၃,၃၃၈,၉၂၂,၁၄၉) | (၂,၆၄၅,၃၆၅,၆၂၄) |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းအတွက် ကုန်ကျငွေ | | (၁၂၇,၁၃၄,၆၂၁) | (၁၀၅,၁၆၅,၇၉၅) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရအသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)** | | (၁၃,၄၈၅,၃၁၆,၅၇၆) | ၆၁၀,၈၁၂,၄၆၇ |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ** | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | | - | ၂,၁၃၅,၁၆၅,၀၀၀ |
| အစုရှယ်ယာ အပိုကြေး | | - | ၃၂၀,၂၇၄,၇၅၀ |
| အမြတ်ဝေစုထုတ်ပေးငွေ | | (၃,၁၂၉,၇၉၉,၄၃၇) | (၃,၁၂၀,၂၉၅,၈၀၀) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု)** | | (၃,၁၂၉,၇၉၉,၄၃၇) | (၆၆၄,၈၅၆,၀၅၀) |
| **ငွေသားအသားတင်အတိုး /(အလျော့)** | | ၁၉,၈၇၀,၉၅၁,၆၅၄ | (၁၄,၂၀၂,၃၀၂,၁၂၂) |
| **နှစ်စရှိငွေနှင့်ဘဏ်လက်ကျန်များ** | ၆ | ၂၆,၂၁၄,၂၉၇,၂၉၈ | ၄၀,၄၁၆,၅၉၉,၄၂၀ |
| **နှစ်ဆုံးရှိငွေနှင့်ဘဏ်လက်ကျန်များ** | ၆ | ၄၆,၀၈၅,၂၄၈,၉၅၂ | ၂၆,၂၁၄,၂၉၇,၂၉၈ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

ဒါရိုက်တာများမှ အတည်ပြုချက်။

| | | | |
|---|---|---|---|
| ဒေါက်တာသောင်းဟန် | ဒေါ်ဆွေဆွေမြင့် | ဦးအောင်အောင် | ဦးထွန်းလွင် |
| (အမှုဆောင်အရာရှိချုပ်) | (ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ) | (ဒါရိုက်တာ) | (ဒါရိုက်တာ) |

